# မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ရွေးကောက်ပွဲတွင် အများစုဆန္ဒဖြင့် အုပ်ချုပ်ခြင်းများ

**Crisis Group Asia Briefing N°163**
Yangon/Brussels, 22 October 2020. Translation from English

**အသစ်က ဘာတွေလဲ။** နိုဝင်ဘာလ ၈ရက်နေ့တွင် ကျင်းပမည်ဖြစ်သော မြန်မာနိုင်ငံရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်နေသော ပြည်သူ့ကျန်းမာရေးနှင့် စီးပွားရေးအကျပ် အတည်းများ ကြားထဲမှ နိုင်ငံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ရေပန်းစားမှုနှင့် အောင်မြင်မှု များကို စမ်းသပ်မည့် လူထုတစ်ရပ်လုံး၏မဲဖြင့် ဆန္ဒခံယူပွဲ ဟုဆိုနိုင်သည်။ အစိုးရ အပြောင်းအလဲ ဖြစ်နိုင်ချေ နည်းသော်လည်း ရွေးကောက်ပွဲ ရလဒ်များကြောင့်  လူနည်းစု မကျေနပ် ချက်များနှင့် လက်နက်ကိုင်ပဋိပက္ခများကို ပိုမိုဆိုးရွားနိုင်ခြေ ရှိနေသည်။

**ဤကိစ္စ ဘာကြောင့် အရေးကြီးသလဲ။** မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲစနစ်သည် တိုင်းရင်းသားလူနည်းစုများ နေထိုင်ရာ ဒေသများ၌ပင် တပ်မတော်နှင့် ဗမာလူများစု၏ လက်ထဲတွင် နိုင်ငံရေး လုပ်ပိုင်ခွင့် အာဏာကို စုပြုံ အပ်နှင်းထားသည်။ ဗမာလူမျိုးများစိုးမိုးမှု ရာဇဝင်သည် မြန်မာနိုင်ငံရှိ လက်နက်ကိုင် ပဋိပက္ခများ၏ အဓိက အကြောင်းအချက် ဖြစ်နေသည်။ ရွေးကောက်ပွဲ များသည် ထိုအခြေအနေများကို လျော့ပါးစေရမည့်အစား ပိုမိုအမြစ်တွယ် ဆိုးရွားစေ နိုင်သည်။

**ဘာလုပ်သင့်သလဲ။** တရားမျှတသော ရလဒ်များထွက်ပေါ်ရန်အတွက် ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲ ခြင်းနှင့် တပ်မတော်၏ နိုင်ငံရေးတွင် ပါဝင်နေမှုကို ရပ်တန့်ရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခြင်းများအတွက် ရေရှည်ကြိုးပမ်း အားထုတ်မှုများ လိုအပ် နေသည်။ လတ်တလော ကြိုးစားမှုများတွင်တော့ အောင်မြင်မှုမရှိခဲ့ပေ။ ထို့အပြင် နောင်တက်လာမည့် အစိုးရသည် လူနည်းစုများနေထိုင်ရာ ဒေသများရှိ ဒေသန္တရ အုပ်ချုပ်ရေး

ယန္တရားများတွင် တိုင်းရင်းသား နိုင်ငံရေးပါတီ ခေါင်းဆောင်များကို ဦးဆောင်စေသင့်သည်။

## I. ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံ၏ စစ်အာဏာရှင်စနစ်အပြီး ၂၀၁၁ ခုနှစ်မှ စတင်ကာ ကျင်းပ လာခဲ့သည့် ရွေးကောက်ပွဲကို ဒုတိယ အကြိမ်အဖြစ် နိုဝင်ဘာလ ၈ ရက် နေ့တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု၏ ပြင်းထန်သည့် ရိုက်ခတ်မှုများ ကြားမှပင် ကျင်းပမည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူများစုဖြစ်သည့် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များ အကြားမှာ ရေပန်းစား ကျော်ကြား နေဆဲဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်သည် ယခုဒုတိယ အကြိမ် တွင်လည်း သူမ၏ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကို သောင်ပြို ကမ်းပြိုနိုင်အောင် လုပ်နိုင်မည့်ပုံပေါ်ပါသည်။ အာဏာရှင်စနစ်ဖြင့် နှစ်ပေါင်း များစွာ အုပ်ချုပ်ခြင်း ခံခဲ့ရသော နိုင်ငံတစ်နိုင်ငံအနေဖြင့်ကြည့်လျှင်ရွေးကောက်ပွဲ ကျင်းပခြင်း သည်ပင်လျှင် ရွေးကောက်ခံ ဒီမိုကရေစီစနစ်၏ အရေးကြီးသော ခြေလှမ်းတစ်လှမ်း ဖြစ်နေသည်။ သို့သော်လည်း မဲအရေအတွက်များသူနိုင်သော ဒီမိုကရေစီစနစ် ဖြစ်နေ ခြင်းနှင့် ဗမာတိုင်းရင်းသား အများစု နေထိုင်ရာ ပြည်မဒေသများတွင် ရွေးကောက်ခံ နေရာများ စုပြုံနေခြင်းကြောင့် လူနည်းစုများအတွက် ကိုယ်စားပြုမှု နည်းနေဦးမည် ဖြစ်သည်။ ရိုဟင်ဂျာများ အနေဖြင့်လည်း ပါဝင်ခွင့် မရှိသလောက် နည်းနေသေးကာ ဖယ်ကျဉ်ခံထားနေရသေးသည်။ အကျိုးဆက် အနေဖြင့် ရွေးကောက်ခံဒီမိုကရေစီ စနစ် အပေါ် ထားရှိသော မကျေနပ်ချက်များသာ လူနည်းစုများ အကြားတွင် တိုးပွါး လာမည် သာမက နိုင်ငံတွင်း ဖြစ်ပေါ် နေသော လက်နက်ကိုင် ပဋိပက္ခများကိုပါ ဆိုးရွားသွားစေ နိုင်သည်။ နောက် တက်လာမည့် အစိုးရ အနေဖြင့် ခက်ခဲသော်လည်း အရေးကြီး လှသော ရွေးကောက်ပွဲ ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အချိန်ယူ လုပ်ဆောင်နေစဉ် တွင် တိုင်းရင်းသား လူနည်းစုများအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေး ယန္တရားများတွင် ပြောဆိုဆွေးနွေးခွင့် ပိုမိုရရှိစေရန်နှင့် အဓိကကျသော အခွင့်အရေးများ ငြင်းပယ်ခံနေရ သော ရိုဟင်ဂျာများအတွက် စနစ်တကျ ခွဲခြား ဆက်ဆံမှုများကို ဖြေရှင်းပေးရန် အုပ်ချုပ်ရေး အာဏာ သုံးကာ လုပ်ဆောင်သင့်ပေသည်။

နိုင်ငံတွင်းတွင် ဩဂုတ်လလယ်မှစ၍ ကိုဗစ်-၁၉ ရောဂါကူးစက်မှု များပြား လာခြင်းနှင့် နောက်ဆက်တွဲအဖြစ် စီးပွါးရေးအကျပ်အတည်းတို့နှင့် ရင်ဆိုင် နေရချိန်

ဖြစ်နေသော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ၅နှစ် အတွင်း တာဝန်ယူမှု အပေါ်တွင် ထားရှိသော ပြည်သူများ၏အမြင်များကို မဲများမှ တစ်ဆင့် သိရှိနိုင်မည် ဖြစ်ပါသည်။ ရွေးကောက်ပွဲ ကျင်းပလျှင် ပြည်သူ့ကျန်းမာရေး အန္တရာယ်များ ဖြစ်လာနိုင်ကြောင်းနှင့် ရွေးကောက်ပွဲကို နောက်ဆုတ်သင့်ကြောင်း အတိုက်အခံပါတီများမှ ဝေဖန် ပြောဆိုခဲ့သော်လည်း အစိုးရနှင့် ရွေးကောက်ပွဲ ကော်မရှင်ကမူ စီစဉ်ထားသည့် အတိုင်း ရွေးကောက်ပွဲကျင်းပရန်ကိုသာ ဆက်လက် လုပ်ဆောင်နေခဲ့ပါသည်။ ပြည်သူအများအပြားသည်လည်း လိုအပ်ချက်များဖြစ်သော လျှပ်စစ်မီး၊ အလုပ် အကိုင် အခွင့်အလမ်းများ၊ သာတူညီမျှရှိသော စီးပွါးရေး အခြေအနေနှင့် တိုင်းရင်းသား ဒေသများတွင် ငြိမ်းချမ်းရေးရရှိရေး စသည်တို့နှင့် ပက်သက်၍ အစိုးရ၏ စွမ်းဆောင်ရည် အပေါ် မေးခွန်းထုတ်နေကြသည်။

ထိုကဲ့သို့လိုအပ်ချက်များ ရှိနေသော်လည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ အောင်မြင်မှုကို လျော့နည်းစေမည့်ဟန် မရှိပေ။ ဒေါ်အောင်ဆန်းစုကြည်သည် ဗုဒ္ဓ ဘာသာ၊ ဗမာလူမျိုး အများစု၏ အားပေးထောက်ခံခြင်း ခံရသူဖြစ်သည်။ ထို့အပြင် ၂၀၁၆ ခုနှစ်မှ စတင်ဖြစ်ပေါ်ခဲ့သော နယ်မြေရှင်းလင်းရေး လုပ်ငန်း များကြောင့် ရိုဟင်ဂျာ ၇၅၀၀၀၀ ခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွါ ပြေးရခြင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်သည်ဆိုသော စွဲချက် အပေါ်တွင် သူမကိုယ်တိုင် နိုင်ငံတကာ တရားရုံးသို့ သွားရောက်ကာ မြန်မာနိုင်ငံဘက်မှ ခုခံကာကွယ် ပြောဆိုခဲ့မှုကြောင့် နိုင်ငံတွင်း သူမ၏ပုံရိပ်သည် ပိုမို အားကောင်းလာခဲ့ ပါသည်။ ထို့အပြင် နိုင်ငံတွင်း ဖြစ်ပေါ်နေသော ကိုဗစ်ရောဂါကပ်ဘေးကို ကိုင်တွယ် ဖြေရှင်းရာတွင် သူမ၏ ထင်ရှားသော ခေါင်းဆောင်မှုကြောင့် သူမကို ပိုမို ထောက်ခံ အားပေးခဲ့ကြပါသည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ အဓိက ပြိုင်ဘက်ဖြစ်သော တပ်မတော်အခြေပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည်ပင်လျှင် မဲပေး သူများကို ပြန်လည် စည်းရုံးရာတွင် အားနည်းခဲ့သည့်အတွက် တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် ယှဉ်ပြိုင်မှုတွင် အမှန်တကယ်အားကောင်းသော အတိုက်အခံ ပါတီ မရှိ နေပေ။

ရွေးကောက်ပွဲနှင့် ဆက်စပ်၍ မဲလိမ်ခြင်းများ ဖြစ်ပွါးရန် အလားအလာ နည်းသော်လည်း ရွေးကောက်ပွဲ လုပ်ငန်းဆောင်တာများတွင် လိုအပ်ချက် များစွာ ရှိနေပေသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် လုပ်ပိုင်ခွင့် အာဏာ

အားဖြင့် အားကောင်းခြင်း မရှိဘဲ အစိုးရနှင့် အလိုက်အထိုက်သာ ပြုမူတတ်ကာ အတိုက်အခံ ပါတီများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ဆက်ဆံ ရာတွင် ပါးနပ်မှု မရှိခြင်း၊ နိုင်ငံတွင်း ကပ်ဘေးကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရခြင်း စသော အကြောင်းအရာများနှင့်လည်း တစ်စိတ်တစ်ပိုင်း သက်ဆိုင်နေသည်။ ရိုဟင်ဂျာများ မဲပေးခွင့် မရခြင်းနှင့် ရခိုင် ပြည်နယ်နှင့် အခြားဒေသများတွင် ဖြစ်နေသော လက်နက်ကိုင် ပဋိပက္ခ များကြောင့် အချို့သော မဲဆန္ဒနယ်များတွင် ရွေးကောက်ပွဲ မကျင်းပခြင်း တို့သည် သက်ဆိုင်ရာ အသိုင်းအဝိုင်းများ သာမက နိုင်ငံတကာ စောင့်ကြည့် လေ့လာသူများ အနေဖြင့်ပါ ရွေးကောက်ပွဲအပေါ် ယုံကြည်မှုများ လျော့နည်း စေလိမ့်မည်။ ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲ ပယ်ဖျက်ခြင်းကြောင့် လက်နက်ကိုင် ပဋိပက္ခများ၊ နိုင်ငံရေး ကြမ်းရမ်းမှု များကို ဖြစ်ပေါ်စေနိုင်သည်။ အတိုချုံးဆိုရလျှင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲမှာ အခြားသော အရှေ့တောင် အာရှ နိုင်ငံများနှင့် ယှဉ်လျှင် သာလွန်မည်ဆိုလျှင်ပင် ဒီမိုကရေစီ စံချိန်စံနှုန်းများနှင့်မူ လွန်စွာ ကွာဟ နေသေးမည် ဖြစ်သည်။

မည်သို့ပင် ဆိုစေကာမူ ရွေးကောက်ပွဲ၏ ရလဒ်ထက် ပိုမိုအရေးကြီးသည်မှာ ရွေးကောက်ပွဲကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ အကျိုးဆက်များသာ ဖြစ်သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယှဉ်ပြိုင်ရာတွင် အတိုက်အခံ ပါတီ၏ မဲရလဒ် နည်းမည်မှာ အံ့သြစရာ အကြောင်းအရာ မဟုတ်သော်လည်း ကိုဗစ်ကပ်ဘေးကို ကိုင်တွယ်ဖြေရှင်းမှုများသည် မဲဆွယ်စည်းရုံးရေးတွင် အတားအဆီး ဖြစ်နေကြောင်း မကျေနပ်ချက်များနှင့်အတူ ပိုဆိုးသည်မှာ ရွေးကောက်ပွဲသည် မျှတမှုမရှိ၊ အာဏာရ ပါတီသည် အသာစီးရနေသည် ဆိုသည့် စွပ်စွဲချက်များဖြင့် ပြည့်နေလိမ့်မည် ဖြစ်သည်။ တိုင်းရင်းသား လူနည်းစုများကို ကိုယ်စားပြုသော နိုင်ငံရေး ပါတီများသည် ရွေးကောက်ခံ နေရာများ ပိုမိုရရှိလာနိုင်မည်၊ ထိုမှတစ်ဆင့် အစိုးရတစ်ရပ် ဖွဲ့စည်းရာတွင် အရေးပါသည့် နေရာများကို တင်မြှောက်နိုင်သည်အထိ အောင်မြင်မှုရရှိမည် ဟု အားခဲထားကြသည်။ သို့သော်လည်း မဲများသူ နိုင်သည့် ရွေးကောက်ပွဲ စနစ်သည် မြန်မာနိုင်ငံ၏ လူဦးရေ ဖွဲ့စည်းနေပုံနှင့် မသင့်လျော်လှပေ။ တစ်နည်း အားဖြင့်ဆိုရလျှင် ဗမာတိုင်းရင်းသား အများစု နေထိုင်ရာ ပြည်မတွင် ရွေးကောက်ခံနေရာများ ဦးထား၍ တိုင်းရင်းသား ပါတီ များအနေဖြင့် မျှော်မှန်းထားသလောက် ရနိုင်မည် မဟုတ်ပေ။

ဤသို့ရလဒ် ထွက်ပေါ်လာခဲ့လျှင် တိုင်းရင်းသား လူနည်းစု ပါတီများနှင့် သက်ဆိုင်ရာ မဲပေးသူများ အနေဖြင့် ရွေးကောက်ပွဲသည် မျှတသည့် ကိုယ်စားပြုမှု မရှိ၊ ၎င်းတို့ကို စနစ်တကျ ချန်လှပ်ထားခဲ့သည်ဟု ပိုမို ခံစားရ ပေလိမ့်မည်။ ပိုဆိုးသည်မှာ ဖွဲ့စည်းပုံအရ တပ်မတော်မှ ၂၅ ရာခိုင်နှုန်း နေရာယူထားသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲသည် သင့်တင့် လျောက်ပတ်စွာ ကျင်းပနိုင်မည်၊ မသမာမှု နည်းမည် ဆိုစေဦးတော့၊ ရွေးကောက်ပွဲ၏ အကျိုးဆက်သည် ငြိမ်းချမ်းရေးနှင့် လူတိုင်း တန်းတူညီမျှ ပါဝင်ခွင့် စသည်တို့အတွက် အနှောင့်အယှက် ဖြစ်နေလိမ့်မည်။ တိုင်းရင်းသား လူနည်းစုများ ရွေးကောက်ခံနိုင်ငံရေးစနစ်အပေါ် ယုံကြည်ချက် မဲ့သွားလျှင် အချို့သည် လက်နက်ကိုင်လမ်းစဉ်ကို ဖြေရှင်းချက်တစ်ခုအဖြစ် ရွေးချယ်မည့် အလားအလာ ရှိနေပြီး ယိုင်နဲ့နဲ့ ဖြစ်နေလျက်ရှိသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပိုမိုခက်ခဲစေနိုင်မည်ဖြစ်သည်။

## II. ယခင်က ကျင်းပခဲ့သော ရွေးကောက်ပွဲများ

၁၉၄၈ ခုနှစ် ဗြိတိသျှလက်အောက်မှ လွတ်မြောက်ပြီးနောက်တွင် မြန်မာနိုင်ငံ၌ ဆယ်စုနှစ် တခုစာမျှကြာအောင် ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားခဲ့သည်။ ၁၉၄၇ ခုနှစ် တွင် ပထမဆုံးသော ကိုလိုနီခေတ်နှောင်းအစိုးရအနေဖြင့်သော်လည်းကောင်း၊ ၁၉၅၁ ခုနှစ်နှင့် ၁၉၅၆ ခုနှစ်တို့တွင် သော်လည်းကောင်း၊ ရွေးကောက်ပွဲများ ကျင်းပခဲ့ကာ ၁၈ လကြာ စစ်အုပ်ချုပ်မှုအပြီး ၁၉၆၀ ခုနှစ် တွင် တဖန်ပြန်လည်ကျင်းပခဲ့ကြသည်။ ၁၉၆၂ ခုနှစ်တွင် တပ်မတော်မှ အာဏာ ပြန်သိမ်းခဲ့ပြီး တစ်ပါတီစနစ်ကို တည်ထောင်ခဲ့ရာ ထိုစနစ်သည် နှစ်ငါးဆယ် နီးပါး အဒွန့်ရှည်ခဲ့သည်။ တပ်မတော်က ပြင်းပြင်းထန်ထန် နှိမ်နင်းခဲ့ရသည့် အစိုးရကို ဆန့်ကျင်ဆန္ဒပြမှုကြီးများ၏ နောက် ၁၉၉၀ ခုနှစ်တွင် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ထိုအချိန်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ အမျိုးသား ဒီမိုကရေစီ ပါတီသည် လူထု၏ အာရုံစိုက်မှုကို ရအောင်ယူနိုင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ချထားမှု အပါအဝင် အတိုက်အခံ ခေါင်းဆောင်များကို ဖမ်းဆီးမှု များနှင့် ဖိနှိပ်မှုများ အများအပြား ရှိခဲ့သည့် ကြားမှပင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် သည် သောင်ပြိုကမ်းပြို အနိုင်ရခဲ့သည်။ သို့သော်လည်း စစ်အစိုးရသည် ၎င်းတို့၏ ရွေးကောက်ပွဲအကြို သတိပေးချက်များအတိုင်းပင် ဖွဲ့စည်းပုံ

အခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲ မပြီးခင်ကာလအထိ အာဏာမလွှဲပြောင်းနိုင် ဟု ငြင်းဆန်ခဲ့သည်။[1]

ထိုဖွဲ့စည်းပုံအခြေခံဥပဒေအသစ်သည် ၂၀၀၈ ခုနှစ်မတိုင်မီအထိ မပြီးမြောက်ခဲ့ ပေ။ ထို့နောက် ၂၀၁၀ ခုနှစ်တွင် စစ်အစိုးရသည် စစ်တပ်အခြေပြု ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီဘက်ကို သိသိသာသာ အလေးပေး ယိမ်းကာ ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် မိတ်ဖက် တိုင်းရင်းသားပါတီအချို့က ရွေးကောက်ပွဲကို ဆန့်ကျင်ကြောင်း ဆန္ဒပြခဲ့ကြသည်။ ရွေးကောက်ပွဲကို ငြိမ်းချမ်းစွာ ကျင်းပနိုင်ခဲ့သော်လည်း ကြီးမားသော မမျှတမှုများ ရှိခဲ့ပြီး ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီသည် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်များ၏ ၇၉ ရာခိုင်နှုန်းဖြင့် အများစု အနိုင်ရရှိခဲ့သည်။[2] ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် လွှတ်တော်သစ်မှ ဆင့်ခေါ်ကာ ကိုယ်စားလှယ်များ၏ ၂၅ ရာခိုင်နှုန်းသည် တပ်မတော်မှ အရာရှိများအတွက် သီးသန့်ဖယ်ထားရန် ဟူသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြဋ္ဌာန်းအသက်ဝင်စေခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီနှင့် တပ်မတော်တို့ကို ပေါင်းလိုက်လျှင် ကိုယ်စားလှယ်များ၏ ၈၃ ရာခိုင်နှုန်း ဖြစ်သည်။

အစိုးရသစ်သည် ၂၀၁၁ ခုနှစ် မတ်လတွင် အာဏာ လွှဲပြောင်းယူခဲ့ပြီး နိုင်ငံရေးနှင့်စီးပွါးရေး ပြုပြင်ပြောင်းလဲမှုများကို တဟုန်ထိုး လုပ်ဆောင်ကာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေး လုပ်ငန်းများကို စတင် ဖော်ဆောင်ခဲ့သည်။[3] ရွေးကောက်ပွဲ ကျင်းပအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ် အကျယ်ချုပ်မှ လွတ်မြောက်ခဲ့သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲတွင်

---

[1] မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲများအကြောင်း ရေးသားထားသော Crisis Group ၏ အစီရင်ခံစာများကို ဖတ်ရှုလိုပါက Asia Reports N°s 266, Myanmar's Electoral Landscape, 28 April 2015; and 174, Myanmar: Towards the Elections, 20 August 2009; and Asia Briefings N°s 157, Peace and Electoral Democracy in Myanmar, 6 August 2019; 147, The Myanmar Elections: Results and Implications, 9 December 2015; 118, Myanmar's Post-Election Landscape, 7 March 2011; and 105, The Myanmar Elections, 27 May 2010 ကို ကြည့်ပါ။

[2] See Crisis Group Reports, The Myanmar Elections and Myanmar's Post-Election Landscape, op. cit. See also "Unlevel Playing Field: Burma's Election Landscape", Transnational Institute, October 2010.

[3] See Crisis Group Asia Briefing N°127, Myanmar: Major Reform Underway, 22 September 2011; and Asia Reports N°s 214, Myanmar: A New Peace Initiative, 30 November 2011; and 231, Myanmar: The Politics of Economic Reform, 27 July 2012.

ရွေးကောက်ခံ နေရာများ အားလုံးကို အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ လုံးဝနီးပါး ရယူနိုင်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်သည်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ ဦးဆောင်သော လွှတ်တော်ထဲတွင် လွှတ်တော်အမတ်တစ်ဦးအဖြစ် နေရာရယူ ခဲ့သည်။[4]

ထိုကြားဖြတ်ရွေးကောက်ပွဲသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ အထွေထွေ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သောင်ပြိုကမ်းပြို အနိုင်ရရှိမှု အတွက် ပြင်ဆင်ဖော်ဆောင်ပေးမှု ဖြစ်ခဲ့သည်။ ရိုဟင်ဂျာ မူဆလင် လူနည်းစုများကို မဲပေးခွင့်မဲ့စေခြင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပေါ် ခဲ့သော ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒီများ၏ အကြမ်းဖက်မှုများမှတဆင့် လူစိမ်းများကို မုန်းတီး ကြောက်ရွံ့မှုကိုဖြစ်ပေါ်စေသော နိုင်ငံရေးအခင်းအကျင်း များနှင့် ရွေးကောက်ပွဲစနစ်၏ ဒီမိုကရေစီ စံချိန်စံနှုန်းများကို မမီခြင်းများ (တပ်မတော်သား ကိုယ်စားလှယ်များ အတွက် သီးသန့် ဖယ်ထားသော ၂၅ ရာခိုင်နှုန်းသော နေရာများ - အပိုင်း III. B. တွင်ကြည့်ပါ) စသဖြင့် ကြီးမားသော ချို့ယွင်းချက်များ ရှိနေခဲ့သော်လည်း ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့် ယှဉ်ကြည့်လျှင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို ယုံကြည်စိတ်ချရဖွယ် အဆင်ပြေပြေ ကျင်းပနိုင်ခဲ့သည်ဟု သတ်မှတ်ခဲ့ကြသည်။[5] အမျိုးသား ဒီမိုကရေစီ အဖွဲ့ ချုပ်သည် လွှတ်တော်ထဲတွင် ရှိသော တပ်မတော်သား ကိုယ်စားလှယ်များနှင့် ရွေးကောက်ခံကိုယ်စားလှယ်များ စုစုပေါင်း၏အများစုနေရာကို လုံလုံလောက်လောက် ရရှိနိုင်သည့် ရွေးကောက်ခံနေရာ၏ ၇၉ ရာခိုင်နှုန်းကို အနိုင်ရရှိခဲ့သည်။[6]

ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော် ၁၄ ခု အနက် ၁၂ ခုတွင် ရွေးကောက်ခံ ကိုယ်စားလှယ်နှင့်တပ်မတော် ကိုယ်စားလှယ်နေရာစုစုပေါင်း၏ အများစုနေရာများကို အနိုင်ရခဲ့သည်။[7] ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မဲရရှိမှု နည်းခဲ့သော်လည်း ထိုနေရာများတွင် သမ္မတ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် လျော်ညီသော အာဏာကို

[4] See Crisis Group Asia Report N°238, Myanmar: Storm Clouds on the Horizon, 12 November 2012, Section II.D.

[5] See Crisis Group Asia Report N°251, The Dark Side of Transition: Violence Against Muslims in Myanmar, 1 October 2013; and Asia Briefing N°147, The Myanmar Elections: Results and Implications, 9 December 2015.

[6] Crisis Group Report, The Myanmar Elections, op. cit., Appendix B.

[7] ကချင်ပြည်နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရွေးကောက်ခံနေရာ ၁နေရာ မျှော်လင့်သလိုမရရှိခဲ့ပေ။ သို့သော် အခြားသော ပါတီများမှ သူနှင့် ညီမျှသော နေရာများ မရရှိခဲ့ပေ။ ကယားပြည်နယ်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် ပြည်နယ်လွှတ်တော်၏ အမတ်နေရာ တစ်ဝက်အတိအကျကို ရရှိခဲ့သည်။

သုံးကာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၏လူနည်းစု အစိုးရများကို ခန့်အပ်ထားခဲ့သည့်အတွက် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် ဒေသခံပြည်သူများမှ အမျက်ထွက်ခဲ့ကြသည်။[8]

## III. မဲပေးခြင်းမတိုင်မီ အဓိက ပြဿနာများ

### A. *အများစုဖော်ဆောင်သည့် ရွေးကောက်ပွဲစနစ်*

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံအဆင့်တွင် ရှိပြီး အမတ်နေရာပေါင်း ၄၄၀ ရှိသည့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်)နှင့် အမတ်နေရာပေါင်း ၂၂၄ နေရာရှိသည့် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) ဟူသော လွှတ်တော် ၂ရပ်ဖြင့် ဖွဲ့စည်းထားသည်။ တိုင်း ဒေသကြီးနှင့်ပြည်နယ်တစ်ခုလျှင် ဥပဒေပြုအဖွဲ့ ၁ ဖွဲ့နှုန်းဖြင့် စုစုပေါင်း ဥပဒေပြုအဖွဲ့ ၁၄ ဖွဲ့ (တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်) ဖြင့် ဖွဲ့စည်းထားသည်။[9] ရွေးကောက်ပွဲ ကျင်းပမည့်နေ့တွင် မဲပေးသူများသည် လွှတ်တော်တစ်ရပ်စီအတွက် လျှို့ဝှက်မဲတစ်ခုစီ ပေးရမည်ဖြစ်သည်။[10] လွှတ်တော်၏ ၄ပုံ ၁ပုံ (၂၅ ရာခိုင်နှုန်း)သည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်မှ ခန့်အပ်မည့် တပ်မတော်သား ကိုယ်စားလှယ်များအတွက် သီးသန့် ဖယ်ထားသောအမတ်နေရာများ ဖြစ်ပြီး ကျန် ၄ပုံ ၃ပုံ (အောက်လွှတ်တော် အတွက်နေရာ ၃၃၀ နှင့် အထက်လွှတ်တော် အတွက် နေရာ ၁၆၈ နေရာ) ကသာ ရွေးကောက်ပွဲမှ တင်မြှောက်ခံ ရမည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ဖြစ်သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရသည့်အချိန်ကပင် စတင် အသုံးပြုခဲ့သည့် မဲများသူနိုင်သောရွေးကောက်ခံစနစ်သည် နိုင်ငံအဝန်းယှဉ်ပြိုင်မည့်အင်အားကြီးသော ပါတီများအတွက် အောင်မြင်မှု ပိုမိုရရှိစေနိုင်သည်။ ၂၀၁၅ ခုနှစ်တွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် ရွေးကောက်ခံကိုယ်စားလှယ် နေရာများ၏ ၇၉ ရာခိုင်နှုန်းကို ၅၇

[8] Ibid. See also Crisis Group Asia Report N°307, An Avoidable War: Politics and Armed Conflict in Myanmar's Rakhine State, 9 June 2020, Section III.A.
[9] မြန်မာနိုင်ငံတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး စုစုပေါင်း ၁၄ ခုရှိသည်။ တိုင်းဒေသကြီးများသည် ဗမာလူမျိုး အများစုနေထိုင်ရာဖြစ်ပြီး ပြည်နယ်များသည် ဗမာမဟုတ်သော တိုင်းရင်းသားများ နေထိုင်သည်ဖြစ်ရာ ပြည်နယ်များကို သက်ဆိုင်ရာ (အများစုသော) တိုင်းရင်းသား၏ နာမည်များ မှည့်ခေါ်ထားသည်။
[10] အချို့သော တိုင်းရင်းသား လူနည်းစုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၆၁ (ခ၊ဂ) အရ သီးခြားတည်ရှိနေသော တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်မှ ကိုယ်စားလှယ်လောင်းများကို မဲပေးခွင့်ရှိသည်။ See Crisis Group Report, Myanmar's Electoral Landscape, op. cit., Section IV.D.

ရာခိုင်နှုန်း သော လူထု၏မဲဖြင့် အနိုင်ရခဲ့ပါသည်။ ဒုတိယနေရာ ရယူနိုင်ခဲ့သော ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးပါတီကမူ အမတ်နေရာ ၈ ရာခိုင်နှုန်းကို ၂၈ ရာခိုင်နှုန်းသော လူထု၏ မဲဖြင့် အနိုင်ရရှိခဲ့သည်။[11] ထိုကဲ့သို့ လူထုမဲနှင့် အမတ်နေရာ အရေအတွက် အနိုင်အရှုံး ကွာဟမှုများကို ယခင်ရွေးကောက်ပွဲများ (ဥပမာအားဖြင့် လွတ်လပ်ရေးခေတ်နှောင်း အစပိုင်းနှစ်များတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများ) တွင်လည်း တွေ့နိုင် သည်။ ဤကွာဟမှုများကို မဲများသူနိုင်သည့် ရွေးကောက်ပွဲစနစ် ကျင့်သုံးသော ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများတွင် တွေ့လေ့တွေ့ထရှိသည်။

ရွေးကောက်ခံ နေရာများ၏ တည်ရှိပုံ့နှံ့နေပုံအရလည်း အများစုဖြစ်သော ဗမာလူမျိုးကို အသာရစေသည်။ ပြည်ထောင်စုလွှတ်တော်ရှိ မဲဆန္ဒနယ်များ၏ ၆၀ ရာခိုင်နှုန်းသည် ဗမာအများစုနေထိုင်ရာ ဒေသများတွင်ဖြစ်ပြီး နိုင်ငံ အဝန်းယှဉ်ပြိုင်မည့် အင်အားကြီး ပါတီများ လွှမ်းမိုးရာ နေရာများဖြစ်နေသည်။[12]ထိုသို့ ပျံ့နှံ့ တည်ရှိနေမှု သည် တိုင်းရင်းသား လူများစုများအတွက်မူ မမျှမတ တည်ရှိနေမှုတော့ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ယင်းဒေသများတွင် မဲပေးခွင့်ရရှိသူ ၄ပုံ ၃ပုံခန့် နေထိုင်ကြ သောကြောင့်ဖြစ်သည်။ သို့သော်လည်း မဲများသူနိုင်သည့်စနစ်ဖြင့် ပေါင်းလိုက်သော အခါ ဗမာလူမျိုးတို့၏ အကျိုးစီးပွားကို ရှေးရှုသည့် နိုင်ငံအဝန်းယှဉ်ပြိုင်မည့် အင်အားကြီး ပါတီများ၏ လွှမ်းမိုးမှုကိုအားကောင်းစေသည်။ လတ်တလောနှင့် ရှေးယခင်ကတည်းက ရွှေ့ပြောင်း သွားလာမှုများကြောင့် တိုင်းရင်းသား လူနည်းစု ဒေသများတွင် ဗမာလူမျိုးများ ပြောင်းရွှေ့နေထိုင်လျက် ရှိကြသည့်အတွက် အင်အား ကြီးပါတီများအနေဖြင့် ထိုဒေသ များတွင် လူနည်းစုမဲပေးသူများ၏ ထောက်ခံ အားပေးမှုကို မလိုအပ်ဘဲ ရွေးကောက်ခံ နေရာများ ထပ်ဆောင်း ရရှိနေကြသည်။

အကျိုးရလဒ်အားဖြင့်မူ အင်အားကြီး ပါတီ နှစ်ခုဖြစ်သော အမျိုးသား ဒီမို ကရေစီအဖွဲ့ချုပ်ပါတီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့သည် နိုင်ငံ

[11] ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ Myanmar Political Information website တွင် ထုတ်ပြန်ထားသော အချက်အလက်များကို Crisis Group မှ လေ့လာသုံးသပ်ထားခြင်း

[12] အတိအကျမှာ ရွေးကောက်ခံနေရာ ၄၉၈ နေရာတွင် ၂၉၁ နေရာ (သို့) ၅၈.၄ ရာခိုင်နှုန်းမှာ ၄င်းဒေသများတွင် ဖြစ်သည်။ ၄င်းနေရာအရေအတွက်များလာရခြင်းမှာ ပဋိပက္ခဒေသများတွင် ရွေးကောက်ပွဲမကျင်းပခြင်းများကြောင့် ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်၏ ဗမာအများစုနေထိုင်ရာဒေသများတွင် မည်သည့် တိုင်းရင်းသား လူနည်းစု ပါတီမှ အနိုင်မရရှိခဲ့ပေ။

အဝှမ်း လွှမ်းမိုးမှု ရရှိစေရန်အတွက် ဗမာလူမျိုး မဲပေးသူများကို အာရုံစိုက်ခဲ့သည်။[13] တိုင်းရင်းသား လူနည်းစုပါတီများကမူ သက်ဆိုင်ရာ အသိုင်းအဝိုင်းများ၏ အကျိုးစီးပွားကို ရှေ့တန်းတင်ခဲ့သည်။ ယခုလက်ရှိ စနစ်အရကြည့်လျှင် ထိုတိုင်းရင်းသား လူနည်းစုပါတီအများစုသည် မဲအနည်းငယ် ရရှိမည်ဖြစ်ပြီး ရွေးကောက်ခံနေရာများ မရရှိနိုင်ပေ။[14] ပိုမိုအင်အားကြီးသော တိုင်းရင်းသားပါတီ အနည်းငယ်ကတော့ အထိုက်အလျောက် အနိုင်ရရှိနိုင်ခြေရှိသည်။ အထူးသဖြင့် ပထဝီဒေသတည်ရှိမှုအရ သက်ဆိုင်ရာ လူမျိုးများ စုပြုံနေထိုင်ရာ ဒေသများတွင် ယှဉ်ပြိုင်ပါက မဲများသူနိုင်သည့်စနစ်၏ အကျိုးကို ခံစားနိုင်သည်။ အချို့ကမူ အနိုင်ရဖို့ အလားအလာကောင်းစေရန် ပူးပေါင်းခြင်းများ ဆောင်ရွက်ကြသည်။ ၎င်းတို့ကို မဲပေးသူများက ပိုမို ယုံကြည်ရနိုင်သော စုပေါင်းအင်အားအဖြစ် မြင်ကာ ရွေးချယ်နိုင်စေရန် ဖြစ်သည်။ ဥပမာအားဖြင့် ကရင်တိုင်းရင်းသားပါတီ ၃ခု သည်လည်းကောင်း၊ ချင်းတိုင်းရင်းသားပါတီ ၃ခု သည်လည်းကောင်း၊ ကချင် တိုင်းရင်းသားပါတီ ၃ခု သည်လည်းကောင်း၊ မွန်တိုင်းရင်းသား ပါတီ၂ခု သည်လည်းကောင်း ပါတီတစ်ခုတည်းစီအဖြစ် အသီးသီးပူးပေါင်း တည်ထောင်ကြသည်။[15]

ယင်းပါတီများ တွေ့ကြုံရသော စိန်ခေါ်မှုမှာ လူဦးရေ ပျံ့နှံ့တည်ရှိနေမှုဖြစ်သည်။ ၎င်းတို့ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်များသည် တိုင်းရင်းသားပေါင်းစုံ တည်ရှိ နေသည့် ဒေသများဖြစ်သည့်အတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးစု အသီးသီးမှ မဲများသည် သက်ဆိုင်ရာ ပါတီများသို့ ပေးကြမည်ဖြစ်သည်။ ဤသို့ဖြင့် နိုင်ငံအဝန်း ယှဉ်ပြိုင်မည့် ပါတီများဘက်သို့ မဲပေးမှု အလေးသာသွားနိုင်ပြန်သည်။[16] ထို့ကြောင့် တိုင်းရင်းသားပါတီများသည် အစိုးရတစ်ရပ် ဖွဲ့စည်းရာတွင် အရေးပါသည့် နေရာများကို တင်မြှောက်နိုင်မည် ဟူသည့် မျှော်လင့်ချက်သည် လက်တွေ့တွင် မဖြစ်နိုင်

[13] မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ ၉၄ ခု ရှိသည့်အနက် ၅၅ ခုမှာ တိုင်းရင်းသား လူနည်းစု ပါတီများဖြစ်သည်။ See "Myanmar: Ethnic Politics and the 2020 General Election", Transnational Institute, September 2020, p. 16.

[14] ၂၀၁၅ ခုနှစ်တွင် တိုင်းရင်းသား လူနည်းစု ပါတီများ ၅၉ ခု ရှိသည့်အနက် ၁၀ ခုသာ ပြည်ထောင်စုလွှတ်တော်ထဲတွင် ရွေးကောက်ခံခဲ့ရသည်။ ထို ၁၀ခုမှ ၅ခုမှာ အမတ်နေရာ ၁နေရာစီသာ ရရှိခဲ့သည်။ Crisis Group analysis of 2015 election results.

[15] စာရင်း အပြည့်အစုံကို သိလိုပါက "Myanmar: Ethnic Politics and the 2020 General Election", op. cit., p. 9. ကိုကြည့်ပါ။

[16] တိုင်းရင်းသားများအကြားမှာ ရှိသည့် 'သူရှုံးလျှင် ငါနိုင်မည်' ဆိုသော ပြိုင်ဆိုင်လိုသော ဆက်ဆံရေးများနှင့် ပတ်သက်ပြီး ပိုမို ဖတ်ရှုလိုပါက Crisis Group Asia Report N°312, Identity Crisis: Ethnicity and Conflict in Myanmar, 28 August 2020. ကိုကြည့်ပါ။

လှပေ။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အားနည်းချက်များနှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ အားသာချက်များ ပေါင်းလိုက်လျှင် တိုင်းရင်းသား ပါတီ အသေးစားများ၏ ထောက်ခံမှုကို မလိုအပ်ဘဲ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ကပင် အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်မည့် အလားအလာ ရှိနေသည်။[17] ထိုအခြေအနေ ဖြစ်လာခဲ့လျှင် တိုင်းရင်းသားပါတီများအနေဖြင့် ကျေနပ်ကြမည် မဟုတ်ပေ။ (အပိုင်း IV. တွင် ကြည့်ပါ။)

## B. *တပ်မတော်၏ နိုင်ငံရေးတွင် ပါဝင်မှုအခန်းကဏ္ဍ*

တပ်မတော်မှ မူကြမ်းရေးဆွဲသော မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တပ်မတော်၏ နိုင်ငံရေးတွင် ပါဝင်မှုကို ပြဋ္ဌာန်းထားသည်။ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့တွင် ၄ပုံ ၁ပုံခန့်သော ကိုယ်စား လှယ်များသည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်မည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအတွက် ဖြစ်သည်။ ထို့ပြင် ဒုတိယသမ္မတနေရာ ၂ နေရာ အနက် ၁ နေရာကို ရယူထားပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ကို လည်း ထိန်းချုပ်ထားသည်။[18]

မည်သည့်ပါတီက ရွေးကောက်ပွဲကို အနိုင်ရသည် ဖြစ်စေ၊ လုပ်ပိုင်ခွင့် အာဏာကို တပ်မတော်နဲ့ ခွဲဝေရမည် ဖြစ်သည်။ တပ်မတော်သည် ကိုယ်ပိုင် အုပ်ချုပ်ခွင့် ကြီးမားစွာ ရှိသော ဗမာလူမျိုးများ ကြီးစိုးရာ အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး ကာကွယ်ရေး ဦးစီးချုပ်သည် အရပ်သား သမ္မတကို သော်လည်းကောင်း၊ တရားရုံးများကို လည်းကောင်း တင်ပြ ရှင်းလင်းရန် မလိုအပ်ပေ။[19] မြန်မာနိုင်ငံ၏ ထိုစနစ်သည် နိယာမ

---

[17] တိုင်းရင်းသားပါတီများသည် အစိုးရတစ်ရပ် ဖွဲ့စည်းရာတွင် အရေးပါသည့် နေရာများကို တင်မြှောက်နိုင်မည် ဆိုသည်ကို မကြာခဏ ပြောဆိုဆွေးနွေးလေ့ ရှိကြသည်။ Crisis Group မှ နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် ရွေးကောက်ပွဲ အကူအညီပေးရေး အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးချက်များ Yangon, July-October 2020. "Will Myanmar's next govt be an ethnic-NLD coalition?", The Irrawaddy, 27 June 2020; "A look ahead to Myanmar GE 2020: ethnic parties and storms of discontent", Southeast Asia Globe, 20 July 2020; "No more ethnic blank check for NLD: coalition-building in the air?", Shan Herald Agency for News, 18 September 2020. တို့ကိုကြည့်ပါ။

[18] အတိအကျ ဆိုရလျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဒုတိယသမ္မတလောင်း ၃ယောက်အနက် ၁ယောက်ကို တပ်မတော်မှ ရွေးချယ်တင်မြှောက်ခွင့်ရှိသည်။ ထိုဒုသမ္မတလောင်းများသည် သမ္မတအဖြစ် အရွေးခံရန် တစ်ကြိမ်ယှဉ်ပြိုင်ကြသည်။ အနိုင်ရသူသည် သမ္မတဖြစ်မည်။ ကျန်သူ ၂ယောက်သည် ဒုသမ္မတဖြစ်ကြမည်။ ထို့ကြောင့် လက်တွေ့တွင် ဖြစ်နိုင်ချေ နည်းသော်လည်း တပ်မတော်မှ ရွေးကောက်တင်မြှောက်သူသည် သမ္မတ ဖြစ်နိုင်သည်။ လက်ရှိတွင် တာဝန်ထမ်းဆောင်နေသူများသည် သမ္မတ အရွေးခံနိုင်သော်လည်း အာဏာရလျှင် တပ်မတော်မှ နုတ်ထွက်ရမည်ဖြစ်သည်။ 2008 Constitution, sections 60, 62-64. ကိုကြည့်ပါ။

[19] Crisis Group Report, Towards the Elections, op. cit., Section III.

အရ ဒီမိုကရေစီ မဆန်သည်သာမက လက်တွေ့တွင်ပါ ပြဿနာရှိစေကာ သီးခြားအစိုးရ နှစ်ခုသဖွယ် ဖြစ်ပေါ်စေပြီး ထိုကဲ့သို့ ကမောက် ကမဖြစ်မှုများသည် ငြိမ်းချမ်းရေး ဖြစ်စဉ်များ၊ တပ်မတော်၏ ရာဇဝတ်မှုများကို တာဝန်ခံစေခြင်းများ၊ တပ်မတော်၏ ဘဏ္ဍာရေး ဘတ်ဂျက်များကို စိစစ်ခြင်း များကဲ့သို့သော အဓိကကျသော ပြဿနာ များကို ဖြေရှင်း ရာတွင် နှောင့်နှေးစေသည်။[20]

ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်၏ အခွင့်ထူးခံခြင်းများသည် နိုင်ငံတော် တည်ငြိမ်ရေးကို လိုအပ်သောကြောင့်ဟု တပ်မတော် အနေဖြင့် အကြောင်းပြခဲ့သည်။ ထိုအယူအဆသည် ၁၉၅၀ ဝန်းကျင်ခန့်၊ နိုင်ငံ၏ နောက်ဆုံးဒီမိုကရေစီ ခေတ်တွင် ကြုံတွေ့ခဲ့ရသော ကသောင်းကနင်းဖြစ်ရပ်များသည် မိမိတို့ အကျိုးစီးပွား ကိုသာ ရှေ့တန်းတင်သော အရပ်သားနိုင်ငံရေးသမား များအကြား အာဏာရရှိရေး ယှဉ်ပြိုင် အားထုတ်မှုများကြောင့်ဟု တပ်မတော်က သတ်မှတ်ခဲ့မှု အပေါ်တွင် အခြေခံ ထားခြင်း ဖြစ်သည်။[21] လွန်ခဲ့သော ၅နှစ် အတွင်း၌ တပ်မတော်နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၏ ဆက်ဆံရေး တင်းမာနေခဲ့သော်လည်း ထိုအယူအဆကြောင့်ပင် တပ်မတော် ဘက်မှ အာဏာသုံးကာ အရပ်သားအစိုးရကို နစ်နစ်နာနာ ထိခိုက်စေခြင်းမျိုး မရှိခဲ့ပေ။[22] ဥပမာအားဖြင့် ဆိုရလျှင် အကြီးတန်း အုပ်ချုပ်ရေး အရာရှိများကို ရုံးတင်စစ်ဆေး ခြင်းများ ပြုလုပ်ရန်အလို့ငှါ (ရလဒ်ကို အဆုံးအဖြတ် မပေးနိုင်သော်လည်း) စတင် ဖော်ဆောင်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များ တပ်မတော်ဘက်တွင် ရှိနေခဲ့ သော်လည်း တပ်မတော်မှ ထိုသို့ ဆောင်ရွက်ခြင်းများကို စတင်လုပ်ဆောင်ခြင်း၊ ပံ့ပိုး ခြင်းများ မပြုလုပ်ခဲ့သလောက်ပင် ဖြစ်သည်။[23]

[20] See Crisis Group Asia Briefing N°143, Myanmar's Military: Back to the Barracks?, 22 April 2014.

[21] See Mary P. Callahan, Making Enemies: War and State Building in Burma (Ithaca, 2003).

[22] Crisis Group မှ နိုင်ငံရေးလေ့လာသူတစ်ယောက်နှင့် တွေ့ဆုံဆွေးနွေးချက် Yangon, June 2020. တစ်စိတ်တစ်ပိုင်း သက်ဆိုင်သည်မှာ ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်နှင့် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်တို့ကြားမှ ဆက်ဆံရေး မပြေလည်မှုများကြောင့် ဖြစ်သည်။ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ပက်သက်၍လည်း တင်းမာမှုများ ရှိခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒေါ်အောင်ဆန်းစုကြည် သမ္မတ မဖြစ်စေရန် နိုင်ငံတော်အတိုင်ပင်ခံ ဟူသည့်ရာထူးကိုအပ်နှင်းခဲ့သည်။ Crisis Group မှ နီးနီးစပ်စပ် သိရှိသူ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးချက် Yangon, October 2020. ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး နှင့် ဒေါ်အောင်ဆန်းစုကြည် သမ္မတ မဖြစ်စေရန် တားဆီးထား သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လိုအပ်ချက်များနှင့် နိုင်ငံတော် အတိုင်ပင်ခံ ဟူသည့်ရာထူး ပေါ်ပေါက်လာမှု အစ ရှိသည့် လက်တွေ့တွင် အရေးကြီးသော အချက်များကို ထိုသူများမှ ဆွေးနွေးခဲ့သည်။ Crisis Group Asia Report N°282, Myanmar's New Government: Finding Its Feet?, 29 July 2016, Section III.B. ကိုကြည့်ပါ။

[23] လက်ရှိအစိုးရသက်တမ်းအတွင်း သာဓကနှစ်ခုမှာ ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ် စည်ပင်သာယာ ရေးရာဝန်ကြီးတို့ကို စုံစမ်းစစ်ဆေးမှုများဖြစ်သည်။ ၂ခုစလုံးမှာ ရွေးကောက်ခံဥပဒေပြုအမတ်များထံမှ အကူအညီ ရရှိခဲ့ကြသည် (ကယားကိစ္စတွင် NLD ကိုယ်စားလှယ်များ အပါအဝင်)။ See "NLD chief minister of Myanmar's

တပ်မတော်ဘက်မှ နိုင်ငံရေးအရ လုပ်ပိုင်ခွင့်အာဏာကုန်သုံးခဲ့သော အရာတစ်ခု သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမတိုင်ခင်တွင် ကတိ ကဝတ် ပြုထားခဲ့ပြီး ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲကြေငြာစာတမ်းတွင်လည်း တစ်ဖန် ပြန်လည် ကတိကဝတ်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲခြင်းတွင်သာ ဖြစ်သည်။[24] တပ်မတော်တွင် ဖွဲ့စည်းပုံပြင်ဆင် ချက်အပေါ်၌ ဗီတိုအာဏာသုံးခွင့် ရှိသည့် အားလျော်စွာ ၂၀၂၀ ခုနှစ် အစောပိုင်း တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး အတွက် အဆိုတင်သွင်းမှု အားလုံးနီးပါးကို ပယ်ချခဲ့သည်။[25] ထို့ကြောင့် တပ်မတော်၏ အခန်းကဏ္ဍနှင့် အာဏာ လျှော့ချရန်မှာ ၎င်းတို့၏ သဘောဆန္ဒ နှင့် သတ်မှတ်ကာလအရသာ ဖြစ်နေသည်။ တချိန်တည်း တွင်လည်း မည်သည့် ရွေးကောက်ပွဲမဆို၊ ရွေးကောက်ပွဲမှ အပြောင်းအလဲ ဖော်ဆောင် နိုင်သော အတိုင်း အတာသည် အကန့်အသတ်နှင့် ဖြစ်နေသည်။ သေချာသည့် အချက် တစ်ချက်မှာမူ မည်သည့်ရွေးကောက်ပွဲမဆို ရွေးကောက်ခံ ကိုယ်စားလှယ်များသည် အုပ်ချုပ်ရေး အာဏာ၊ တရားစီရင်ရေးအာဏာနှင့် တရားဥပဒေပြုရေး အာဏာ တိုကို တပ်မတော်နှင့် ခွဲဝေရမည်ဖြစ်သည်။

## C. *ရိုဟင်ဂျာများကို မဲပေးခွင့်မဲ့စေခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများ*

မြန်မာနိုင်ငံ၏ အဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲစနစ်သည် ရိုဟင်ဂျာများကို စိတ်ပျက်စေခဲ့သည်။ ရိုဟင်ဂျာများသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် အချိန်မှစ၍ ၂၀၁၂ ခုနှစ်အထိ ရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများတွင် မဲပေးခွင့် ရခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင်တော့ ၎င်းတို့ထဲမှ အများစု သည် မဲပေးခွင့်မရခဲ့ပေ။ ၂၀၂၀ ခုနှစ်တွင်လည်း နောင်ထပ်တစ်ကြိမ် မဲပေးခွင့် မဲ့စေလိမ့်မည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပွားခဲ့သော ပြင်းထန်သည့် မူဆလင်ဆန့်ကျင်ရေး၊ ရိုဟင်ဂျာ ဆန့်ကျင်ရေးအမုန်းစကားများနှင့်အကြမ်းဖက် မှုများအပြီးတွင် ထိုအချိန်က သမ္မတအဖြစ် တာဝန်ယူခဲ့သော သမ္မတဦးသိန်းစိန်သည် ယာယီသက်သေခံ လက်မှတ် (အဖြူရောင်ကတ်) များကို ဖျက်သိမ်းခဲ့ သည်။ ထိုကတ်များသည် ရိုဟင်ဂျာအများစု

Kayah State impeached", The Irrawaddy, 1 September 2020; "Impeached Rakhine minister slams secretive investigation", Frontier Myanmar, 3 January 2018. ကိုကြည့်ပါ။
[24] NLD Election Manifesto 2020 (Burmese), on file with Crisis Group. See also "Myanmar's ruling party vows to reform military in election manifesto", The Irrawaddy, 2 September 2020.
[25] "Military rejects NLD bid to strip generals of their constitutional veto power", Myanmar Now, 13 March 2020.

ကိုင်ဆောင်သည့် တစ်ခုတည်းသော သက်သေခံစာရွက်စာတမ်းဖြစ်သည်။[26] လက်တွေ့တွင် ယင်းလုပ်ရပ် သည် ရိုဟင်ဂျာအများစု၏ မဲပေးခွင့်ကို မဲ့စေခဲ့သည်။ ထိုအချိန်က ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးမှ နိုင်ငံသားဖြစ်သူများသာ မဲပေးခွင့်ရှိသည်ဟု အဆုံးအဖြတ်ပေးခဲ့ရာ ဥပဒေ၏ ခွဲခြားဆက်ဆံမှုကြောင့် နိုင်ငံသား ဖြစ်ခွင့်မရှိသော ရိုဟင်ဂျာ အများစုသည် မဲပေးခွင့်ပါမဲ့ခဲ့ရသည်။[27] ထိုအချိန်မှစကာ မြန်မာ့တပ်မတော်သည် နယ်မြေရှင်းလင်းရေးများ ရက်စက်စွာ လုပ်ဆောင်ခဲ့ရာ ရိုဟင်ဂျာ ၇၅၀၀၀၀ ခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာ ပြေးခဲ့ရသည်။ ၆၀၀၀၀၀ ခန့်သော ရိုဟင်ဂျာများမှာမူ ရခိုင်ပြည်နယ်အတွင်း တိမ်းရှောင် နေသည်ဟု သိရှိရသည်။

ယခုလက်ရှိတွင်မူ ရွေးကောက်ပွဲ ကော်မရှင်တွင် မှတ်ပုံတင်ထားသော ရိုဟင်ဂျာ နိုင်ငံရေးပါတီ ၃ခု ရှိသော်လည်း ရိုဟင်ဂျာ ဟူသော စကားလုံးကို ပါတီ၏အမည်တွင် ထည့်သွင်းခွင့် မရပေ။ ကိုယ်စားလှယ်လောင်းများသည် သူတို့ကိုယ်သူတို့ ဘင်္ဂါလီ ဟု ခံယူရသည်။ ဘင်္ဂါလီ ဟူသည် ဘင်္ဂလားဒေ့ရှ်မှ လတ်တလော ပြောင်းရွှေ့နေထိုင်သူ ဖြစ်ပြီး ဖိနှိပ် ခွဲခြားလိုသော အဓိပ္ပါယ် ဆောင်သည်။ အမှန်တွင်မူ ရိုဟင်ဂျာ အများစုသည် မြန်မာနိုင်ငံတွင် မျိုးရိုးစဉ်ဆက် နေထိုင်ခဲ့ကြသည်။[28] ထိုနိုင်ငံရေးပါတီများသည် တချိန်က ရိုဟင်ဂျာများ မဲပေးခွင့် ရခဲ့ခြင်း၏ သက်သေ အကြွင်းအကျန်များ ဖြစ်သည်။ အခြားသော ရိုဟင်ဂျာအများစုမှာမဲပေးခွင့်မဲ့ခဲ့ကြသော်လည်း နိုင်ငံရေးပါတီများမှ ရိုဟင်ဂျာများသည် ၎င်းတို့၏တရားဝင်သက်သေအထောက်အထားများကို သိမ်းဆည်းထားခဲ့ကြသောကြောင့် သူတို့၏ ယခင်ကအခြေအနေကို သက်သေပြနိုင်သည် သာမက ရိုဟင်ဂျာ နိုင်ငံရေး သမားများ အတွက် လမ်းကြောင်း တစ်ရပ်ကိုပါ ဖော်ဆောင်နိုင်ခဲ့သည်။[29]

[26] ၁၉၈၀ ခုနှစ်ဝန်းကျင်ခန့်က ရိုဟင်ဂျာများအနေဖြင့် မှတ်ပုံတင်သက်သေခံကတ်များ လာရောက်သက်တမ်းတိုးရာတွင် နိုင်ငံသားကတ်များ ထုတ်ပေးရမည့်အစား ယာယီသက်သေခံကတ်များ (အဖြူရောင်ကတ်များ) ကို ထုတ်ပေးခဲ့သည်။ Crisis Group Report, The Dark Side of Transition, op. cit.; and Elliot Brennan, "Citizenship, ethnicity and electioneering in Myanmar", Lowy Interpreter, 8 April 2015.

[27] "Tribunal rules white card voting rights unconstitutional", Myanmar Times, 12 May 2015.

[28] ထိုပါတီများမှာ National Democratic Party for Development ၊ National Development and Peace Party နှင့် Democracy and Human Rights Party တို့ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ရွေးကောက်ပွဲ ကော်မရှင်မှ ဖန်တီးထားသော မဲပေးခြင်းဆိုင်ရာ ဗဟုသုတများမျှဝေသည့် application မှာ ရွေးကောက်ခံ ကိုယ်စားလှယ် များ၏ လူမျိုးနှင့်ဘာသာကို ဖော်ပြထားသည့်အတွက် မလိုလားအပ်သည်များ (အထူးသဖြင့် ရိုဟင်ဂျာ ကိုယ်စားလှယ် လောင်းများကို ခွဲခြားဆက်ဆံခြင်းများ) ဖြစ်လာနိုင်ကြောင်းကို လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုမှ ထောက်ပြခဲ့ရာ အငြင်းပွါးဖွယ်ရာများ ဖြစ်ခဲ့သည်။ See "Ethnic identifiers in Myanmar election app criticized", Associated Press, 1 October 2020.

[29] Crisis Group မှ ရိုဟင်ဂျာနိုင်ငံရေးသမားများနှင့် တွေ့ဆုံဆွေးနွေးချက် Yangon, 2015-2020.

ရိုဟင်ဂျာနိုင်ငံရေးပါတီများမှ ဝင်ရောက်ယှဉ်ပြိုင်သူ ၁၃ ယောက်အနက် ၄ ယောက် ကို ရွေးကောက်ပွဲကော်မရှင်မှ အကြောင်းအချက် မခိုင်လုံသောအချက် များဖြင့် ပယ်ချခဲ့သည်။ ဥပမာအားဖြင့်ဆိုရလျှင် ၎င်းတို့ မွေးဖွားချိန်၌ မိဘများ၏ နိုင်ငံသားဖြစ်မှု သက်သေအထောက်အထားများကို တောင်းခြင်းဖြစ်သည်။ အမှန်တွင် ထိုကဲ့သို့သော အထောက်အထားများ ရှိမနေခဲ့ပေ။[30] အခြားသော ရိုဟင်ဂျာ ကိုယ်စားလှယ်လောင်း ၂ဦး သည်လည်း အစပိုင်းတွင် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်း ဒေသကြီးရှိ မဲဆန္ဒနယ်များတွင် အမည်များ ပါဝင်ခဲ့သော်လည်း နောက်ဆုံးတွင်တော့ အထက်ပါအကြောင်း အချက်များဖြင့်ပင် ပယ်ချခံခဲ့ရသည်။[31] ထိုကဲ့သို့ပင် အခြားသော တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၂ဦးမှာလည်း ဗီတိုအာဏာသုံးကာ ပယ်ချခံခဲ့ ရသည်။ ထိုပယ်ချမှုများသည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများ မတိုင်မီ ဖြစ်ပေါ်ခဲ့သော ရိုဟင်ဂျာများကို ကိုယ်စားလှယ်လောင်း အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ တားမြစ်ထား ခဲ့ပုံနှင့် ဆင်တူနေသည်။[32]

ယခင်နှင့် ယခု ရွေးကောက်ပွဲများတွင် ထိုကဲ့သို့ မဲပေးခွင့်မဲ့စေခြင်းသည် ပိုမို ကျယ်ပြန့်သော မူဆလင်များကို ခွဲခြား ဆန့်ကျင်ခြင်း အခြေအနေများနှင့် ကိုက်ညီ နေသည်။ ခြုံငုံကြည့်လျှင် ၂၀၂၀ခုနှစ်ရွေးကောက်ပွဲ၌ အခြားဘာသာဝင်များမှာမူ ၀.၃ ရာခိုင်နှုန်းသာ ပယ်ချခံခဲ့ရချိန်တွင် ၂၃ ရာခိုင်နှုန်းသော မူဆလင် ကိုယ်စားလှယ်လောင်း များ ပယ်ချခံခဲ့ရပြီး နိုင်ငံအဝှမ်းမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ကိုယ်စားလှယ်လောင်း ၆၉၆၉ ယောက်တွင် မူဆလင် ကိုယ်စားလှယ် လောင်းအရေအတွက် အယောက် ၃၀ သာ ကျန်ခဲ့သည်။[33] ၂၀၁၅ခုနှစ် ရွေးကောက်ပွဲတွင် အယောက် ၈၀ ထက်မနည်းသော

[30] Crisis Group မှ မြန်မာနိုင်ငံသားဥပဒေ ကျွမ်းကျင်သူတစ်ယောက်နှင့် တွေ့ဆုံဆွေးနွေးချက် Yangon, August 2020. See also "Election commission accused of discrimination after rejecting Rohingya candidates", Myanmar Now, 20 August 2020.

[31] Crisis Group မှ ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူတစ်ယောက်နှင့် တွေ့ဆုံဆွေးနွေးချက် Yangon, October 2020. See also "Myanmar election app goes offline, has been criticized over label for Rohingya", Reuters, 2 October 2020; "Myanmar election officials disqualify two more candidates", Radio Free Asia, 14 October 2020.

[32] Ibid. See also "Ethnic Politics and the 2015 Elections in Myanmar", Transnational Institute, September 2015.

[33] Crisis Group analysis of election commission candidate data; and note verbale, Myanmar Embassy in Brussels, 4 September 2020.

မူဆလင် ကိုယ်စားလှယ်လောင်းများကို ဗီတိုအာဏာသုံးကာ ပယ်ချခဲ့ရာ ၂၈ ယောက် ခန့်သာ ကျန်ခဲ့သည်။[34]

## D. *အမျိုးသမီးများ ကိုယ်စားပြုခြင်း*

မြန်မာနိုင်ငံသည် သက်ကြီးအမျိုးသား များစွာပါဝင်အုပ်ချုပ်သော နိုင်ငံဖြစ်သည်။ ခြွင်းချက်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်မှ လွဲ၍ သမ္မတနှင့် ဒုသမ္မတ ၂ ဦးသည် အမျိုးသားများ ဖြစ်၍ အစိုးရအဖွဲ့ဝင် ၂၄ ဦးလုံးသည်လည်း အမျိုးသားများ ဖြစ်ကြသည်။[35] တရားလွှတ်တော်ချုပ်၏ အဖွဲ့ဝင်၉ ဦးစလုံးသည် အမျိုးသားများ ဖြစ်ကြသည်။[36] ရွေးကောက်ပွဲ ကော်မရှင်၏ အဖွဲ့ဝင် ၁၅ ဦး စလုံး သည်လည်း အမျိုးသားများ ဖြစ်ကြသည်။ ပြည်ထောင်စုလွှတ်တော်တွင် လက်ရှိ အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် ၇၅ ဦးသာရှိ၍ ဥပဒေပြုရေးလုပ်ငန်း များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည်။ သို့သော် ကိုယ်စားလှယ်အားလုံး၏၁၁ ရာခိုင်နှုန်းသာ ရှိပြီး ကမ္ဘာပေါ်တွင် အချိုးအစားအနည်းဆုံးထဲက တစ်ခုဖြစ်သည်။[37]

လွှတ်တော်ထဲတွင် အမျိုးသမီးများ ပါဝင်မှု အလွန် နည်းပါးရခြင်း၏ အကြောင်း ရင်း တစ်ခုသည် နိုင်ငံရေးပါတီများမှ အမျိုးသမီး ကိုယ်စားလှယ် များများ မထည့်သွင်း ကြခြင်းကြောင့်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ပါတီ ကိုယ်စားလှယ်လောင်းများ၏ ၁၅ ရာခိုင်နှုန်းခန့်သာ အမျိုးသမီးများဖြစ်ခဲ့သည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတွင် ၆ ရာခိုင်နှုန်းသာရှိခဲ့သည်။ တိုင်းရင်းသား ပါတီအချို့ကတော့ အမျိုးသမီးကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းအထိ ရွေးချယ်နိုင်ခဲ့ ကြသည်။ ပါတီကြီးအချို့မှ အမျိုးသမီးများကို ပိုမို ရွေးချယ်ကြရန် ကတိကဝတ် ပြုထား ကြသော်လည်း အများစုတွင် သိသာ ထင်ရှားသည့် တိုးတက်မှုများ မရှိခဲ့ပေ။[38] ယခုအချိန်တွင်တော့ အမျိုးသား ဒီမို ကရေစီအဖွဲ့ချုပ်

---

[34] "Ethnic Politics and the 2015 Elections in Myanmar", Transnational Institute, op. cit., p. 13.

[35] For the list of cabinet ministers, see the Myanmar President's Office website. The attorney-general, also a cabinet member, is male as well.

[36] See Myanmar's Supreme Court of the Union website and its Union Election Commission website (Burmese).

[37] Inter-Parliamentary Union's Parline database ၏ August 2020 အချက်အလက်များအရ မြန်မာနိုင်ငံသည် လွှတ်တော်ထဲတွင် အမျိုးသမီး ပါဝင်မှု ရာခိုင်နှုန်းကို တိုင်းတာရာတွင် ၁၈၈ နိုင်ငံတွင် ၁၆၂ နေရာ ရပ်တည်ခဲ့သည်။

[38] ဥပမာအားဖြင့် "USDP opens door to women candidates", Myanmar Times, 30 November 2018. ကို ကြည့်ပါ။ ခြွင်းချက်တစ်ခုမှာ အမျိုးသမီး ပါဝင်မှု အရေအတွက် ၃၀ ရာခိုင်နှုန်းနီးပါးရှိသော Shan

အနေဖြင့် အမျိုးသမီး ကိုယ်စားလှယ်အချိုးကို ၁၈.၈ ရာခိုင်နှုန်း အထိ တွန့်ဆုတ်စွာ တိုးမြှင့်လာခဲ့ပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီက ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်လာသည်။ ခြုံငုံကြည့်လျှင် ပြည်ထောင်စု အဆင့်နှင့် ပြည်နယ်အဆင့်များတွင် ဝင်ပြိုင်သော ကိုယ်စားလှယ် စုစုပေါင်းတွင် အမျိုး သမီးပါဝင်မှုသည် ၁၆ ရာခိုင်နှုန်း သာရှိသည်။[39]

မကြာသေးမီနှစ်များအတွင်းရှိ သုတေသနစာတမ်းများ၌ မြန်မာနိုင်ငံတွင် အမျိုး သမီး လွှတ်တော်ကိုယ်စားလှယ်များ ပိုမိုပါဝင်လာနိုင်ရေးအတွက် အတား အဆီးများကို လေ့လာ တင်ပြခဲ့ကြသည်။[40] အဓိက အတားအဆီးများသည် အမျိုးသား နိုင်ငံရေး ခေါင်းဆောင်များကို အခွင့်ထူးပေးလျက်ရှိသည့် ယဉ်ကျေးမှု ထုံးတမ်းများ၊ ပြည်သူ့ ရေးရာ ဝန်ဆောင်မှုများ၏ တာဝန်များနှင့် အစဉ်အလာအရ မိသားစုတာဝန်များ အကြားတွင် အမျိုးသမီးများ အနေဖြင့် ဟန်ချက်ညီ အောင် ကြိုးစားရေးအတွက် အခက်အခဲများနှင့် နိုင်ငံရေး ပါတီများတွင် ခေါင်းဆောင်မှုနေရာကို အမျိုးသားများသာ လွှမ်းမိုးထားခြင်းတို့ ဖြစ်ကြသည်။[41] အမျိုးသားသမီး ကိုယ်စားလှယ်များကို ပိုမို ကျယ်ပြန့်သော နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ ကိစ္စရပ်များအတွက် မေးခွန်းထုတ်ခြင်း၊ ဆောင်ရွက်ခြင်းထက် 'အမျိုးသမီးအရေး' (လူငယ် ကိုယ်စားလှယ်များကို 'လူငယ့် အရေး') မြှင့်တင်ရေး ဆောင်ရွက်ကြဖို့သာ ပါတီမှမျှော်လင့်လေ့ရှိကြသည်။[42] နိုင်ငံရေး ပါတီများသည် သတ်မှတ်ချက်များကို ကျော်လွန်၍ အမျိုးသမီးများကို ပါတီ ခေါင်းဆောင်မှုနှင့် ကိုယ်စားလှယ်နေရာများအတွက်လည်း ထည့်သွင်းစဉ်းစားခြင်းများ

Nationalities League for Democracy ဖြစ်သည်။ "Is a Shan party pointing the way forward? A look at the SNLD's big plans for Myanmar", Frontier Myanmar, 4 October 2020. ကို ကြည့်ပါ။

[39] Crisis Group analysis of election commission candidate data.

[40] See Netina Tan, Paul Minoletti, Elin Bjarnegård and Aye Lei Tun, "Party Building and Candidate Selection: Intraparty Politics and Promoting Gender Equality in Myanmar", Enlightened Myanmar Research Foundation, 18 April 2020; "Gender and Politics in Myanmar: Women and Men Candidates in the 2015 Elections", Gender Equality Network, August 2017.

[41] Ibid. Crisis Group မှ အမျိုးသမီး၊ အမျိုးသား နိုင်ငံရေးသမားများနှင့် တွေ့ဆုံဆွေးနွေးချက် Yangon, July-September 2020.

[42] Ibid. See also "New ethnic faces dot Myanmar's 2020 election landscape", The Irrawaddy, 26 Au-gust 2020.

အပါအဝင် ပါတီလုပ်ငန်းများနှင့် နိုင်ငံရေးတွင် အဓိပ္ပါယ်ရှိစွာ ပူးပေါင်းဆောင်ရွက်လာနိုင်ရေး အခွင့်အလမ်းများ ဖန်တီးပေးသင့်သည်။[43]

## E. *ကိုဗစ် - ၁၉၊ လက်နက်ကိုင်ပဋိပက္ခများနှင့် မဲပေးခြင်းဖျက်သိမ်းမှုများ*

ရွေးကောက်ပွဲကော်မရှင်သည် လုံခြုံရေးအရ မဲဆန္ဒနယ်တစ်ခုလုံးသို့မဟုတ် အစိတ်အပိုင်း အချို့ကို ပယ်ဖျက်နိုင်သည့် ဥပဒေအရ အာဏာရှိသည်။[44] ၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲများတွင် ကော်မရှင်သည် ရွေးကောက်ပွဲမကျင်းပနိုင်သည့် မဲဆန္ဒနယ် များနှင့် မဲဆန္ဒနယ် အစိတ်အပိုင်းအချို့တို့ကို ရွေးကောက်ပွဲရက် မတိုင်မီ ရက်သတ္တပတ် အနည်းငယ်အလိုတွင် ထုတ်ပြန်ကြေညာခဲ့သည်။[45] နေရာအများစုသည် ရွေးကောက်ပွဲ တာဝန်ရှိသူများ လက်လှမ်းမမီသည့် နေရာများ (ရှမ်းပြည်နယ်ရှိ ဝပြည်သွေးစည်း ညီညွတ်ရေး တပ်မတော် ထိန်းချုပ်ထားသည့် နေရာများ) သို့မဟုတ် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေသော နေရာများ (ထိုအချိန်က ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်များ) ဖြစ်သည်။

၂၀၂၀ အောက်တိုဘာလ ၁၆ ရက်တွင် ကော်မရှင်မှ ရွေးကောက်ပွဲ မကျင်းပ နိုင်သည့် နေရာများကို ထုတ်ပြန်ကြေညာခဲ့သည်။[46] ရခိုင်ပြည်နယ်ရှိ ၉ မြို့နယ်တွင် မြို့နယ်တစ်ခုလုံး အတိုင်းအတာဖြင့် ဖျက်သိမ်းခြင်းဖြစ်ပြီး ၄ မြို့နယ်တွင် တစိတ် တဒေသ ဖျက်သိမ်းခြင်းဖြစ်သည်။[47] ထို့အတွက် ရခိုင်ပြည်နယ်ရှိ မဲဆန္ဒရှင် အများစုမှာ မဲပေးနိုင်သည့် အခွင့်အရေး ရရှိတော့မည် မဟုတ်ပေ။ ခိုင်လုံသော လုံခြုံရေး အကြောင်းပြချက်များရှိသော်လည်း ရခိုင်ပြည်သူအများစုသည် ဤကဲ့သို့ နေရာ အများအပြား ဖျက်သိမ်းခြင်းကို ဒေါသထွက်ကြလိမ့်မည် ဖြစ်သည်။ ရခိုင်ပြည်နယ် တွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကို အသာရစေသော ရလဒ် ထွက်လာစေလိမ့်မည် ဟု

43 Crisis Group မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်လောင်းများ၊ ကျားမရေးရာ ကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးချက် 2015 and 2020. ပိုမို သိရှိလိုပါက "Party Building and Candidate Selection", op. cit. ကို ကြည့်ပါ။

44 ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ အပိုဒ် ၅၀ နှင့် အမျိုးသားလွှတ်တော်နှင့် ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော်နှင့် သက်ဆိုင်ရာ အပိုဒ်များ

45 "Areas where elections will not be held", five Union Election Commission Notifications, nos. 99-103/2010, 16 September 2010; and Union Election Commission Notifications nos. 61-65 and 67/2015, 12 and 27 October 2015.

46 Union Election Commission notifications nos. 292-297/2020, 16 October 2020.

47 Crisis Group ၏ ၂၀၁၅ ခုနှစ် မဲပေးသူစာရင်းကို လေ့လာသုံးသပ်ချက်အရ ရခိုင်ပြည်နယ်ရှိ ၆၀ရာခိုင်နှုန်းထက် မနည်းသော မဲပေးသူများသည် ရွေးကောက်ပွဲဖျက်သိမ်းမှုများကြောင့် မဲပေးခွင့် မရရှိတော့ပေ။

ထင်ကြသောကြောင့် ဖြစ်သည်။ ထို့သို့ ဖျက်သိမ်းခြင်းသည် ရွေးကောက်ပွဲ မတိုင်မီတွင် ရခိုင့်တပ်မတော်ကို လက်နက်ကိုင် ပဋိပက္ခများ သို့မဟုတ် နိုင်ငံရေး အကြမ်းဖက်မှုများ ပိုမိုပြုလုပ်လာစေရန် တွန်းပို့လိုက်သကဲ့သို့ဖြစ်စေမည့် အန္တရာယ် လည်း ရှိနေပါသည်။

ကြိုတင် ခန့်မှန်းထားသည့် အတိုင်းပင် ဝပြည် သွေးစည်း ညီညွတ်ရေး တပ်မတော် နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် ထိန်းချုပ်ထားသော ရွေးကောက်ပွဲ ကော်မရှင် မဝင်ရောက်နိုင်သည့် ရှမ်းပြည်နယ်ရှိဒေသများနှင့် မြန်မာ့ တပ်မတော်နှင့် ရှမ်းပြည် ပြန်ထည်ထူထောင်ရေး ကောင်စီ လက်နက်ကိုင်အဖွဲ့တို့ အကြား မကြာသေးမီက တိုက်ပွဲဖြစ်ပွားခဲ့သော မြို့နယ်တစ်ခုတို့တွင်လည်း ရွေးကောက်ပွဲ ဖျက်သိမ်းခဲ့သည်။ အခြားသော တိုက်ပွဲဖြစ်ပွားမှု ရှိသည့် ဒေသများတွင်လည်း တစိတ်တပိုင်း ဖျက်သိမ်း ခြင်းများ ရှိခဲ့ပါသည်။ ရွေးကောက်ပွဲ ကော်မရှင်သည် သဘာဝဘေးအန္တရာယ်ရှိသော နေရာများတွင် မဲပေးခြင်းကို ရွှေ့ဆိုင်း နိုင်သည်။ ၎င်းမှာ ကိုဗစ်-၁၉ အများအပြား ဖြစ်ပွားလျက် ရှိသော နေရာများ ဖြစ်နိုင်ပါသည်။ သို့သော် ယခုအချိန်ထိ ထိုသို့ ဆောင်ရွက်ရန် အစီအစဉ် ရှိကြောင်း မတွေ့ရသေးပေ။[48] ဖျက်သိမ်းထားရသော နေရာအချို့အတွက် လုံခြုံရေး အခြေအနေ များ တိုးတက်လာသောအခါ ကြားဖြတ် ရွေးကောက်ပွဲဖြင့် ပြန်လည် ရွေးချယ်ခြင်းကို ဆောင်ရွက်နိုင်ခြေရှိပါသည်။[49]

ယခင်ကအတိုင်းပင် ဖျက်သိမ်းသည့် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုမရှိဘဲ အငြင်းပွားစရာဖြစ်စေသည်။ တိုင်းရင်းသားပါတီ များနှင့် ကိုယ်စားလှယ်လောင်းများသည်လည်း ပဋိပက္ခဖြစ်ပွားရာနေရာများတွင် မဲဆွယ်ခြင်း အတွက် ဖြစ်နိုင်ခြေရှိသော လုံခြုံရေး အန္တရာယ်နှင့် ကုန်ကျ စရိတ်တို့ ရှိနိုင်သည့် အတွက် မဲပေးခြင်းဖျက်သိမ်းသည့် နေရာများအား ထုတ်ပြန်ချက်ကို ကြိုကြို တင်တင် ထုတ်ပြန်ရန် ကော်မရှင်ကို တောင်းဆိုကြသည်။[50] ရခိုင်ပြည်နယ်တွင် ဖျက်သိမ်းခြင်း ကြေညာချက်သည် ရခိုင်ပြည်နယ်တောင်ပိုင်း တောင်ကုတ်မြို့နယ်တွင် အမျိုးသား

[48] ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ အပိုဒ် ၅၀ (က) နှင့် အမျိုးသားလွှတ်တော်နှင့် ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော်နှင့် သက်ဆိုင်ရာ အပိုဒ်များ

[49] ၂၀၁၅ ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ် ကျေးသီးနှင့် မိုင်းရှူးမြို့နယ်များတွင် ရွေးကောက်ပွဲများ ဖျက်သိမ်းခဲ့ သော်လည်း လုံခြုံရေးအခြေအနေ ပိုမိုကောင်းမွန်လာသောကြောင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြန်လည်ကျင်းပခဲ့သည်။

[50] ဥပမာအားဖြင့် "UEC urged to promptly announce Arakan townships not holding elections", Development Media Group, 12 October 2020. ကိုကြည့်ပါ။

ဒီမိုကရေစီ အဖွဲ့ချုပ် ကိုယ်စား လှယ်လောင်း သုံးဦးအား အောက်တိုဘာ ၁၄ ရက်နေ့တွင် မဲဆွယ်နေစဉ် လက်နက်ဖြင့် ဖမ်းဆီးခေါ်ဆောင်သွားခြင်းအတွက် တာဝန်ရှိနိုင်ဖွယ်ရှိသည့် ရခိုင့်တပ်မတော်၏ တိုက်ခိုက်မှုများကို ပိုမိုကြီးထွားစေလိမ့်မည်ဖြစ်သည်။[51]

## IV. ပဋိပက္ခများ၏ အကျိုးဆက်များ နှင့် အတူတကွယှဉ်တွဲနေထိုင်ရေး

မဲပေးခြင်းသည် ငြိမ်းချမ်းစွာ လုပ်ဆောင်ခြင်းဖြစ်သော်လည်း ရွေးကောက်ပွဲအလွန်ကာလတွင် ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်းနှင့် အကွဲအပြဲများကို ဖြစ်ပေါ်လာစေတတ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် အခြားသော ပြည်ထောင်စုအဆင့် အတိုက်အခံပါတီတို့၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရှက်ဖွယ်ကောင်းစွာ ရှုံးနိမ့်ရခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ ကန့်ကွက်မှု အမြောက်အများကို ဖြစ်ပေါ် လာစေနိုင်သည်။ ၎င်းကန့်ကွက်မှုတွင် အစိုးရဖွဲ့ထားသော ပါတီအနေဖြင့် နိုင်ငံတော်ပိုင်အရင်းအမြစ်များကို မလျော်အသုံးချခြင်း၊ ကိုယ်စားလှယ်လောင်းများက စည်းမျဉ်းစည်းကမ်း ချိုးဖောက်ခြင်း (ကိုဗစ်-၁၉ ထိန်းချုပ် ကန့်သတ်ချက်များကို မလိုက်နာခြင်းကဲ့သို့) နှင့် ရွေးကောက်ပွဲ ကော်မရှင်ကိုယ်တိုင် မမျှတစွာ ဆုံးဖြတ်ချက်ချခြင်းတို့ ပါဝင်နိုင်သည်။ အတိုက် အခံပါတီများသည် ၎င်းကန့်ကွက်မှုများအတွက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ဘောင်ကျော် ဆောင်ရွက်မှုများကို အောက်ခြေတွင် သက်သေစုဆောင်း၍ ရွေးကောက်ပွဲ ကော်မရှင်ထံသို့ မမျှမတ ဆောင်ရွက်မှုများအတွက် တင်ပြရန် ကြိုတင်ဆောင်ရွက်နေနိုင်ပါသည်။[52] သို့သော်လည်းကော်မရှင်သည် ဘက်မလိုက်သော အဖွဲ့အစည်း တစ်ခုမဟုတ်ပဲ နိုင်ငံတော်သမ္မတ ခန့်အပ်သော အဖွဲ့အစည်းဖြစ်သည့် အတွက် ဤစိန်ခေါ်ချက်များထဲမှ အနည်းငယ်သာ လက်ခံအတည်ပြုနိုင်စရာရှိပါသည်။ ၎င်း၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ခွင့်နှင့် တရားရေးအရ စောင့်ကြည့်ကြပ်မတ်ခြင်း တို့လည်း မရှိပေ။[53]

---

51 "Three NLD candidates snatched by armed men while campaigning in Rakhine", Myanmar Now, 14 October 2020.

52 Crisis Group မှ ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးချက် Yangon, July-September 2020. See also, for example, "30 political parties demand meeting with UEC for general election", Eleven Media, 18 June 2020; "NLD accused of exploiting virus for political gain", Myanmar Times, 7 August 2020.

53 လက်ရှိ သမ္မတသည် သက်တမ်း ၅နှစ်အတွင်းတွင် ကော်မရှင် အဖွဲ့ဝင်များကို ခန့်အပ်ခွင့် ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ (အပိုဒ် ၃၉၈) နှင့် ၂၀၁၂ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေတွင်ပါရှိသည်။ အဖွဲ့ဝင်များသည်

ရွေးကောက်ပွဲအကြိုကာလတွင် ကိုဗစ်-၁၉ရောဂါတွေ့ရှိမှု များပြားနေခြင်း သည်လည်း ၎င်းကန့်ကွက်မှုများအတွက် ထပ်ဆင့် တိုးပွားစေမည်ဖြစ်သည်။ လွန်ခဲ့သော လအနည်းငယ်က အတိုက်အခံ ပါတီ အများစုသည် ကပ်ရောဂါ အခြေအနေကြောင့် ရွေးကောက်ပွဲ ရွှေ့ဆိုင်းရန် တောင်းဆိုခဲ့ကြသည်။ အကယ်၍ မဲပေးပြီးနောက် ရက်သတ္တပတ်များတွင် ရောဂါလက္ခဏာပြသော လူနာနှင့် သေဆုံးမှုနှုန်း တိုးလာခဲ့လျှင် ၎င်းတို့သည် တာဝန်ရှိသူများကို ပြည်သူ့ ကျန်းမာရေးအန္တရာယ်ကို လစ်လျူရှုခဲ့မှုဖြင့် စွပ်စွဲ၍ ရွေးကောက်ပွဲ၏ တရားဝင် ဖြစ်မှုကို ပျက်စီးစေလိမ့်ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်၏ ဘက်မလိုက်မှု ကင်းမဲ့နေသောကြောင့်ဟု ပို၍ စွပ်စွဲကြလိမ့်မည်ဖြစ်သည်။[54]

ပြည်သူ့ကျန်းမာရေး အခြေအနေ ဆိုးရွားလာနေသော်လည်း အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်၏ မဲပေးခြင်းကို ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ချက် သည် မဲဆွယ်မှုများကို အွန်လိုင်းပေါ်သို့ရောက်သွားစေရန် တွန်းပို့ပေးလိုက်ပြီး ရခိုင် ပြည်နယ် သို့မဟုတ် ရန်ကုန်တိုင်းဒေသကြီးကဲ့သို့သော အိမ်တွင်နေထိုင်ရေး အမိန့်ချမှတ်ထားသော နေရာများ တွင် လူချင်းတွေ့၍ မဲဆွယ်ခွင့်ကို တားမြစ်လိုက်သည်။ ဒစ်ဂျစ်တယ် မဲဆွယ်ခြင်းသည် အစိုးရ၏ မြင်သာထင်သာရှိသော လုပ်ငန်းဆောင်တာများမှ တဆင့် အမျိုးသားဒီမို ကရေစီ အဖွဲ့ချုပ်အစိုးရကို ပိုမိုအခွင့်သာစေသည်။ အောင်ဆန်းစုကြည် ဖေ့စ်ဘုတ် စာမျက်နှာသည် အအောင်မြင်ဆုံးနှင့် နိုင်ငံတွင် လွှမ်းမိုးမှုအရှိဆုံး တစ်ခုဖြစ်သောကြောင့်လည်း ဖြစ်သည်။[55] အစိုးရမှ အင်တာနက် ပိတ်ဆို့မှု ဆက်လက်ပြုလုပ်ထားသော ရခိုင်ပြည်နယ်ရှိ မြို့နယ် ၇ ခု တွင် မည်သို့သော မဲဆွယ်မှုမျိုးမှ ရှိနိုင်မည် မဟုတ်ပေ။ 'ရွေးကောက်ပွဲ မဲဆွယ်မှုသည် မစခင်ကပင် အဆုံးသတ်သွားသည်' ဆိုသည့် သုံးသပ်ချက်ကဲ့သို့ပင် ဖြစ်သည်။[56]

ပါတီနိုင်ငံရေး ကင်းရှင်းရမည်၊ နိုင်ငံရေးပါတီများနှင့် ငွေကြေးဆိုင်ရာအရှုပ်အရှင်း ကင်းရှင်းရမည် ဟု ဆိုသော်လည်း ဘက်လိုက်မှု ကင်းရှင်းကြောင်း ပြသရန် လိုအပ်ချက်နှင့် ပက်သက်၍ အတိအကျ ရှင်းလင်းထားခြင်း မရှိပေ။ မသမာမှုများကို စုံစမ်းစစ်ဆေးရန် သမ္မတမှသာ အစပြုဆောင်ရွက်နိုင်သည်။

54 "Myanmar rejects calls to postpone election despite virus surge", Reuters, 21 September 2020.

55 ၎င်းအင်တာနက်စာမျက်နှာသည် ကြည့်ရှုသူ ၂၅ သိန်းခန့်ရှိပြီး လက်ရှိတွင် ရွေးကောက်ပွဲနှင့် ပက်သက်၍ ကြည့်ရှုသူ အများဆုံးဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အင်တာနက်စာမျက်နှာမှာလည်း အခြားသော နိုင်ငံရေးပါတီများနှင့် ယှဉ်လျှင် ကြည့်ရှုသူ အများအပြားရှိသည်။ See data and analysis by the Myanmar Tech Accountability Network.

56 "'Having to run with your legs tied': Rakhine parties cry foul over election curbs", Frontier Myanmar, 25 September 2020.

နိုင်သူအကုန်ယူစနစ်နှင့် အလယ်ပိုင်း ဗမာဒေသများတွင် ကိုယ်စားလှယ်နေရာ များများပြားနေခြင်းကြောင့် တိုင်းရင်းသားပါတီများအနေဖြင့် ၂၀၁၅ ရလဒ်ထက် အနည်းငယ် ပိုမို တိုးတက်လာခဲ့လျင်တောင်မှ လူနည်းစုများ အတွက် ကိုယ်စားပြုမှုက အကန့် အသတ်ဖြင့်သာ ရရှိမည်ဖြစ်သည်။ ထို့ကြောင့် နိုင်သူအကုန်ယူစနစ်သည် 'ဗမာများ အကုန်ယူသည်' နှင့် အတူတူဖြစ်သည်ဟုခံစား နေရသောမကျေနပ်မှုများကို လူနည်းစုများ အကြား ကြီးထွားလာမည်ဖြစ်သည်။[57] မျှတသောကိုယ်စားပြုခြင်းမှ စနစ်တကျ ဖယ်ထုတ် ထားခြင်း ဆိုသည့်အမြင်ကို အတည်ပြုပေးသကဲ့သို့ ဖြစ်နေလိမ့်မည်။ ဤသို့ ရှုမြင်ခြင်းသည် အန္တရာယ်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းနာကျည်းချက်သည် နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသော နှစ်ပေါင်းများစွာကြာ လက်နက်ကိုင် ပဋိပက္ခများ ၏အကြောင်း အရင်းခံများထဲမှ တစ်ခုဖြစ်သောကြောင့် ဖြစ်သည်။

တပ်မတော်က ရေးဆွဲခဲ့သော ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် တိုက်ရိုက် ဆက်စပ် နေသော ဤအရေး ကိစ္စများအတွက် အချိန်တိုအတွင်း ဖြေရှင်းနိုင် မည့် နည်းလမ်းကို တွေ့ရန် ခက်ခဲပါသည်။ ရေရှည်တွင် မြန်မာအတွက် သိသာ ထင်ရှားသော ဖြေရှင်းချက် တစ်ခုက အချိုးကျကိုယ်စားပြုပုံစံ ရွေးကောက်ပွဲ စနစ်သို့ ပြုပြင် ပြောင်းလဲခြင်း ဖြစ်သည်။ ၎င်းစနစ်သည် ပါတီများ၏ စုစုပေါင်း မဲရရှိသော အချိုးပေါ်အခြေခံ၍ နေရာ အကုန် သို့မဟုတ် တစိတ်တပိုင်း ခွဲဝေ ခြင်းပင် ဖြစ်သည်။ သို့သော်လည်း ရွေးကောက်ပွဲ စနစ် ပြုပြင်ပြောင်းလဲခြင်း သည် မည်သည့်နေရာတွင်မဆို ခက်ခဲသည့် လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်၂၀၁၂ ခုနှစ်၌ ဆွေးနွေးငြင်းခုံခဲ့ကြဖူး သော်လည်း အောင်မြင်မှု မရှိခဲ့ပေ။[58] အာဏာယူထားသော အစိုးရသည် ၎င်းကို အာဏာရစေသော စနစ်ကို ပြုပြင်ရန် ဆန္ဒရှိလိမ့်မည်မဟုတ်ပေ။ အာဏာရပါတီမှ လွှတ်တော်ထဲတွင် နေရာအများစု ယူထား ခြင်းဖြင့် အသာစီးရနေသောအခါ အတား အဆီးက ပို၍ကြီးမားလာစေသည်။ လာမည့် ရွေးကောက်ပွဲတွင်လည်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် ဤသို့ပဲ ဖြစ်လိမ့်မည် ဟု မျှော်မှန်းနိုင်သည်။

[57] For detailed discussion, see Crisis Group Report, Identity Crisis, op. cit.

[58] "Consequences of election system rest on basic causes regarding principles, religion, ethnic affairs, race, language and social standing of the people of the country", New Light of Myanmar, 28 July 2012, p. 16.

ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ကိုယ်စားပြုရွေးကောက်ပွဲစနစ်ကို ပြင်ဆင်ခြင်း သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီမှုမရှိကြောင်း ဆုံးဖြတ်ထားသည်။ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပုဒ်မများကို ပြင်ဆင်ရမည်ဖြစ်ပြီးပြင်ဆင်ရေးအတွက် တပ်မတော်က ဗီတိုအာဏာ ယူထားပြီးဖြစ်သည်။[59] တပ်မတော်၏ နိုင်ငံရေးတွင် ပါဝင်မှုနှင့် ဥပဒေပြုရေး တွင် ပါဝင်မှုကို လျှော့ချရန် သို့မဟုတ် ဖယ်ရှားရန်တွင်လည်း ၎င်းဗီတိုအာဏာကို ကျော်လွှားနိုင်မှ ရမည်ဖြစ်သည်။ ၎င်းသည်မျှတသော ဒီမိုကရက်တစ် ကိုယ်စားပြုခြင်း အတွက် အခြေခံလွဲချော်နေမှုပဲဖြစ်သည်။ သို့သော်လည်း အစိုးရတရပ်အနေဖြင့် ၎င်း၏ အုပ်ချုပ်ရေး အာဏာကို အသုံးပြု၍ တိုင်းရင်းသား လူနည်းစုများကို ၎င်းတို့၏ ကိုယ်ပိုင် အုပ်ချုပ်ရေးတွင် ပိုမို ပြောဆိုနိုင်ခွင့်ရရှိအောင် ဆောင်ရွက်နိုင်ပါသည်။ လက်ရှိတွင် အနိုင်ယူအကုန်ယူစနစ်၌ လူနည်းစု အနိုင် ရရှိရေး အတွက် တင်ကူး အခြေအနေ ဖြစ်သော တိုင်းရင်းသားများ၏ ကိုယ်စားပြုမှုကို တိုင်းရင်းသားအများစု နေထိုင်ကြသော နေရာများတွင်ပင် လူအများကြိုက်ပါတီကသာ ရယူထားသည်။ ထို့အတွက် စနစ်အရ ဖယ်ထုတ် ထားခြင်းဟူသော အမြင်သည် ထင်ရှား၍ ပဋိပက္ခများကို ပိုမို ဦးတည်စေရန် အန္တရာယ် ရှိနေသည်။ ဤသို့ တရားမမျှတ ဟူသော ခံစားမှုသည် ၂၀၁၅ ရွေးကောက်ပွဲ နောက်ပိုင်း ပြည်ထောင်စု အစိုးရ၏ ဆောင်ရွက်ချက်များမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ အထူးသဖြင့် ရခိုင် ပြည်နယ်တွင် ရခိုင်အမျိုးသားပါတီက ရွေးကောက်ပွဲဒီမိုကရေစီမှတဆင့် ရခိုင် တိုင်းရင်းသားများ၏ ယုံကြည်မှုကို ရရှိ၍ ဒေသတွင်း အနိုင်ရရှိထားသော်လည်း အနည်းစုရှိသော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကသာ အစိုးရဖွဲ့ခြင်းပင်ဖြစ်သည်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၏ လုပ်ဆောင်ချက်သည် ရခိုင့် တပ်မတော်ကို လူထု ထောက်ခံမှု မြင့်တက်စေပြီး ဆယ်စုနှစ်များအတွင်း နိုင်ငံ၏ အဆိုးရွားဆုံး ပဋိပက္ခများကို ဖြစ်ပေါ်လာစေတော့သည်။[60]

ဤတကြိမ်တွင် သမ္မတသည် တိုင်းရင်းသားပါတီအများစုအနိုင်ရရှိထားသော ပြည်နယ်များတွင် ဝန်ကြီးချုပ်ရာထူးကို ၎င်းပါတီများမှ ကိုယ်စားလှယ်ကိုသာ ခန့်အပ်သင့်သည်။ ဤသို့သော နိုင်ငံရေးသရုပ်သဏ္ဍာန် ဖော်ဆောင်မှုသည် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အတွက် ပြည်ထောင်စုအဆင့်တွင်ထိခိုက်မှု များစွာ ရှိမည် မဟုတ်ပေ။ နိုင်ငံ၏ ပဋိပက္ခ ဖြစ်ပွားရာ ဒေသအချို့တွင် ရွေးကောက်ခံ ဒီမိုကရေစီစနစ်အပေါ်

[59] "Pyithu Hluttaw rejects PR voting", Myanmar Times, 16 November 2014.
[60] See Crisis Group Report, An Avoidable War, op. cit.

ယုံကြည်မှုကို ပြန်လည်ထူထောင်နိုင်မည့် အပြင် နေပြည်တော်တွင် တိုင်းရင်းသား ခေါင်းဆောင်များနှင့်အတူ ၎င်းတို့ဒေသများအတွက် သက်ရောက်မှုရှိမည့် ဆုံးဖြတ်ချက်များအတွက် ပိုမို၍ အပြု သဘောဆောင်သော ဆွေးနွေးမှုများကိုလည်း လမ်းဖွင့်ပေးနိုင်မည်ဖြစ်သည်။ ယခု အချိန်တွင် ဤကဲ့သို့ဆွေးနွေးညှိနှိုင်းမှုမျိုး အနည်းငယ်သာ ရှိသည်။

## V. နိဂုံး

နိုဝင်ဘာ ၈ ရက်နေ့ ရွေးကောက်ပွဲသည် ကြိုတင်ခန့်မှန်းနိုင်သော ရလဒ် ထွက်လာ မည်ဖြစ်သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံ၊ လူထုခေါင်းဆောင်၏ နောက်ထပ် ဒုတိယ ငါးနှစ်သက်တမ်း ဖြစ်လာမည်ဖြစ်ပြီး တပ်မတော်နှင့်ဆက်ဆံရေး ကောင်းမွန်ပြေလည်ဦးမည် မဟုတ်ပေ။ ဤအခင်းအကျင်းသည် နိုင်ငံတော်၏ အတိုင်ပင်ခံအတွက် တပ်မတော်ကို အရပ်သား အုပ်ချုပ်မှု အောက်သို့ ရွှေ့ရန် အဓိကကျသော ပြုပြင်ပြောင်းလဲမှုများတွင် ဆက်လက်၍ အခက်အခဲ ဖြစ်နေစေဦးမည်ဖြစ်သည်။ ၎င်းသည် ဗမာအများစုလွှမ်းမိုးသော နိုင်ငံရေးစနစ်ကို ဆက်လက် ပံ့ပိုးပေးနေမည်ဖြစ်ပြီး လူများစုနှင့် လူနည်းစုများအကြား တင်းမာမှုနှင့် နာကျည်းမှုများကို ဆက်လက် တိုးပွားစေပြီး လက်နက်ကိုင် ပဋိပက္ခများကိုလည်း ကြီးထွားလာစေနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ရွေးကောက်ပွဲ ရလဒ်သည် သံသယဖြစ်စရာ များစွာမရှိသော်လည်း ၎င်းသည် အကွဲအပြဲနှင့် တင်းမာမှုများကို ဖြစ်စေနိုင်မည် ဖြစ်သည်။ အစိုးရ၏ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်တက်နေစဉ် ကာလအတွင်း ရွေးကောက်ပွဲ ကျင်းပရန် ဆုံးဖြတ်ချက် သည် ကပ်ရောဂါကြောင့် မဲဆွယ် စည်းရုံးခြင်းများကို ခက်ခဲစေပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အစိုးရကို အခွင့်အရေးများစွာရစေခြင်း၊ မဲပေးမှုနှုန်းကို လျော့ကျစေနိုင်ခြင်းနှင့်၊ မဲပေးပြီးသောအခါတွင် ဆိုးရွားသော ပြည်သူ့ကျန်းမာရေး နောက်ဆက်တွဲ ရလဒ်များ ထွက်ပေါ်လာစေခြင်းများကြောင့် ပို၍ အငြင်းပွားဖွယ် ဖြစ်စေပါလိမ့်မည်။

ဒီမိုကရက်တစ်ရွေးကောက်ပွဲများနှင့် ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းမှုတို့သည် နှစ်ပေါင်းများစွာ ကင်းမဲ့ခဲ့သော နိုင်ငံအတွက် အလွန်တရာ အရေးကြီးပါသည်။ သို့သော် ရွေးကောက်ပွဲများသည် လက်နက်ကိုင် ပဋိပက္ခများ၊ လူနည်းစုအခွင့်အရေး၊ ရိုဟင်ဂျာ

အရေးနှင့် မြန်မာနိုင်ငံ၏ လူဦးရေ ကွဲပြားခြားနားမှုနှင့် လျော်ညီမှုမရှိသော ရွေးကောက်ပွဲ စနစ်ကို ပံ့ပိုးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ အပါအဝင် အာဏာရှင် လက်ထက်မှ ခက်ခဲသောအမွေများကို ဖြေရှင်းရန်မဖြစ်နိုင်ပေ။ ဤပြဿနာများကို ဖြေရှင်းရန် ရည်မှန်း ချက် ရှိပြီး တပ်မတော်နှင့် သဘောတူညီချက်များ ရယူနိုင်သည့် စွမ်းဆောင်ရည်ရှိသော အရပ်သားအစိုးရ တစ်ရပ် လိုအပ်မည်ဖြစ်သည်။ နိုဝင်ဘာ ရွေးကောက်ပွဲသည် ထိုရလဒ် ထွက်ပေါ်လာနိုင်မည်မဟုတ်ပေ။

**Yangon/Brussels, 22 October 2020**

## Appendix A: Map of Myanmar




International Crisis Group/KO/Dec 2015. Based on UN map no. 4168 Rev. 3 (June 2012).

International Crisis Group
**Headquarters**
Avenue Louise 235, 1050 Brussels, Belgium
Tel: +32 2 502 90 38
brussels@crisisgroup.org

**New York Office**
newyork@crisisgroup.org

**Washington Office**
washington@crisisgroup.org

**London Office**
london@crisisgroup.org

**Regional Offices and Field Representation**
Crisis Group also operates out of over 25 locations in Africa, Asia, Europe, the Middle East and Latin America.

**See www.crisisgroup.org for details**

*PREVENTING WAR. SHAPING PEACE.*